NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

Project No: H814-MM and IDA Credit no: 56870

# လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ

## ၂၀၁၉ခုနှစ်   ဇူလိုင်လ မှ  စက်တင်ဘာလ  အထိ

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ   ၁၂   ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်


အဓိကအစီရင်ခံစာ

| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅ |
| ၂။ | ဘဏ္ဍာရေး | ၈ |
| ၃။ | အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၉ |
| ၄။ | ဝယ်ယူရေးအခြေအနေ | ၁၁ |
| ၅။ | သင်တန်းပို့ချခြင်း | ၁၄ |
| ၆။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၁၈ |
| ၇။ | သတင်းပြန်ကြားခြင်း | ၂၁ |
| ၈။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၂၁ |
| ၉။ | ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၂၃ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း | ၂၄ |
| ၁၁။ | သိပညာနှင့် လေ့လာသင်ယူခြင်း | ၂၆ |
| ၁၂။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၂၇ |
| ၁၃။ | ဆန္ဒအလျောက်မြေယာလျှော့ဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၂၇ |
| ၁၄။ | သုံးလပတ်အတွင်းကြုံတွေ့ရသောအခက်အခဲများ | ၂၈ |
| ၁၅။ | ထောက်ပံ့လိုအပ်ချက်များ | ၄၅ |
| ၁၆။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ | ၅၄ |
| ၁၇။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၅၉ |

**စာရင်းဇယားများ၊ ကိန်းဂဏာန်းအချက်အလက်ဖော်ပြမှုများ**


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၀-၉-၂၀၁၉) အထိ ကဏ္ဍအလိုက် ခွဲဝေမှုပြဇယား

ဇယား ၂: စေတနာအလျှောက်မြေယာလှူဒါန်းခြင်းအခြေပြဇယား

ဇယား ၃: ဘာသာပြန်မှုအခြေပြဇယား

ဇယား ၄: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၅: ကုန်ပစ္စည်းဝယ်ယူမှုဇယား(၃၀-၉-၂၀၁၉)

ဇယား ၆: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက်ခွဲခြားတင်ပြမှု

ဇယား ၈: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၉: ၂၀၁၇ခု ကျန်ရှိနေသော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ပဥ္စမနှစ်)

ဇယား ၁၁: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဋ္ဌမနှစ်)

ဇယား ၁၂: ၂၀၁၉ခုနှစ်၊ ဆဋ္ဌမနှစ်သုံးလပတ်အတွက် IFR : စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အပိုင်းအလိုက်ခွဲခြားထားသည့် ရံပုံငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုများ

ဇယား ၁၃: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ပုံ ၁ : ၂၀၁၈/၁၉ ခုနှစ် ပဥ္စမနှစ် စီမံကိန်းစက်ဝန်း နှင့် ဆဋ္ဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

## စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

### ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ မှ စက်တင်ဘာလ ၃၀ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည် ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၁၉ခုနှစ်၊ စက်တင်ဘာလအထိ လာမည့်၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိက အချက်များ ပါဝင်ပါသည်။ ပဉ္စမနှစ် စီမံကိန်းနှင့် ဆဋ္ဌမနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့နယ်ဟောင်း ၄၅ မြို့နယ်နှင့် မြို့နယ်သစ် ၁၆ မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

**ပဉ္စမနှစ် မြို့နယ် ၆၁ မြို့နယ်**

(က) **VDP** သတ်မှတ်ချက် ၁၁၅၅၈ရှိသည့်အနက် ၁၁၅၁၄ခုပြီးစီး၍ **၉၈%** ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၈၂ခု ရှိသည့်အနက် ၉၀၈၂ ခုအား **TPIC**မှ အတည်ပြုပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၉၀၈၂ ခုရှိသည့် အနက် ၈၉၈၀ ခု ပြီးစီး၍ ၉၈.၈၈% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၉၈၀ခုအား(၁၀၀%) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၈.၈၇% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၈၉၆၉ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင် ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၈၉၆၃ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

**ဆဋ္ဌမနှစ် မြို့နယ် ၅၄ မြို့နယ်**

(က) **VDP** သတ်မှတ်ချက် ၉၁၄၆ ခု ရှိသည့်အနက် ၉၀၈၆ ခုပြီးစီး၍ ၉၀.၈၇**%** ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၇၂၇၈ ခု ရှိသည့်အနက် ၇၂၇၈ခုအား **TPIC**မှ အတည်ပြုပေးနိုင်ခဲ့ပြီး ၁၀၀**%** ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၇၂၇၈ခု ရှိသည့် အနက် ၆၃၃၉ ခု ပြီးစီး၍ ၈၇.၆၆ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၄၅၉၀ခု အား ၁၀၀%အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၆၃.၄၈ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၆၁၇၂ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင် ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၆၁၄၅ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ယခုသုံးလပတ်အတွင်း ပဥ္စမနှစ် စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွဲ မပြီးဆုံးသေးသော မြို့နယ်(၆)မြို့နယ်၏ လုပ်ငန်းခွဲ(၁၁၉)ခု ကြန့်ကြာနေပါသည်။ လုပ်ငန်းခွဲ ကျန်ရှိနေသော မိုင်းခတ်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲ **(၁)**ခု၊ ဂွမြို့နယ်တွင် (၁၂)ခု၊ ကနီမြို့နယ်တွင် (၁)ခု၊ ပုဏ္ဏားကျွန်းမြို့နယ်တွင်(၈၅)ခု၊ ရွှေကျင်မြို့နယ်တွင် (၁)ခု၊ သဲကုန်း မြို့နယ်တွင် (၁၉)ခုအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ ဆဋ္ဌမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၇၂၇၈ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၄၅၉၀ ပြီးစီး၍ ၆၁၄၅ လူထုစစ်ဆေးပွဲ ပြုလုပ် နိုင်ခဲ့ပါသည်။ ဆဋ္ဌမနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက် မည့် စီမံကိန်းလုပ်ငန်းခွဲ ဇယား(၁) ဖြင့် ဖော်ပြထားပါသည်။

၃။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၆၃.၄၂% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၉၀ % ၊ လူထု အထောက်အပံ့ ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ပဥ္စမနှစ် စီမံကိန်းအတွင်း ၇.၃၁% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၃၇ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၇.၃၂ % တခြား ၁.၃၀ % နှင့် ကျန်းမာရေး ၀.၃၄ % ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၅၀.၆၉% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၈၀ % ၊ လူထု အထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဋ္ဌမနှစ် စီမံကိန်းအတွင်း ၁၁.၉၉% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၀၀ % ၊လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၂.၆၈ % တခြား ၄.၅၆ % နှင့် ကျန်းမာရေး ၀.၂၄ % ဆောင်ရွက်လျက်ရှိပါသည်။

NCDDP ပဉ္စမနှစ်စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၀-၉-၂၀၁၉)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/၁၄ | ဒုတိယ နှစ် ၂၀၁၄/၁၅ | တတိယ နှစ် ၂၀၁၅/၁၆ | စတုတ္ထ နှစ် ၂၀၁၆/၁၇ | ပဉ္စမနှစ် ၂၀၁၇/၁၈ | | ဆဋ္ဌမနှစ် ၂၀၁၈/၁၉ | | စုစုပေါင်း (ပ-ဆဋ္ဌမ) |
|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ပေါင်း ၆၁ | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | ၂၆၃၁ | | ၁၆၅၇ | | |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁၇၅၅ | | ၇၇၆၁ | | |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၅ | ၉၈.၆၃ | ၁၄၆၅ | ၇၈.၁၅ | |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၅၉၁ | ၉၉.၈၄ | ၁၂၉၅ | ၈၈.၃၉ | |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇.၃၇ | ၈၆.၇၀ | | ၈၀.၈၉ | | ၂၈၂.၇၁ |
| VDP ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁၅၁၄ | ၉၇.၉၅ | ၉၁၄၆ | ၉၀.၈၇ | ၃၆၂၅၄ |
| TPIC အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၈၂ | ၁၀၀ | ၇၂၇၈ | ၁၀၀ | ၃၀၇၁၁ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၂၂ | ၉၉.၃၄ | ၆၇၈၄ | ၉၃.၈၃ | ၃၀၁၅၇ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | |
| ၀ % | | | | | ၆၂ | ၀.၆၈ | ၄၃၉ | ၀ | ၅၀၁ |
| ၁%၅၀- | | | | | ၁၀ | ၀.၁၁ | ၁၁၄ | ၁.၅၈ | ၁၂၄ |
| ၅၁%၇၅- | | | | | ၆ | ၀.၀၇ | ၅၅ | ၀.၇၆ | ၆၁ |
| ၇၆%၉၀- | | | | | ၂၄ | ၁.၂၆ | ၁၀၁ | ၁.၉၀ | ၁၂၅ |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၈၀ | ၉၈.၈၈ | ၆၃၃၉ | ၈၇.၆၆ | ၂၉၆၇၀ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၆၃ | ၉၈.၆၈ | ၄၄၄၃ | ၆၁.၀၄ | ၂၇၇၅၇ |
| Social Audits ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၉၆၃ | ၇၆.၂၅ | ၆၁၄၅ | ၅၀.၈၄ | ၂၉၄၅၉ |
| မြို့နယ်အဆင့် MSRs ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၅၆ | | ၂၄ | | ၁၆၅ |
| Union အဆင့် MSRs ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | | | | ၅ |

၅။ ယခုသုံးလပတ်အတွင်း ပဉ္စမနှစ်စီမံကိန်းတွင် ပဉ္စမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၉၈၀)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၉၆၃)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲ(၁၇)ခုမှာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၆။ ယခုသုံးလပတ်အတွင်း ဆဌမနှစ်စီမံကိန်းတွင် ဆဌမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၆၃၃၉)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၆၁၄၅)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲ(၁၉၄)ခုမှာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၇။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည်-

(က) မော်တော်ဆိုင်ကယ်များ၊ မိတ္တူကူးစက်များ ပြုပြင်ရန်နှင့် အပိုပစ္စည်းများ ဝယ်ယူရန် ခက်ခဲခြင်း၊

(ခ) စီမံကိန်းမြို့နယ်များတွင် စာရေးကိရိယာများထားရှိရန် ဗိုင်တင်စင်များ လိုအပ်ခြင်း၊

(ဂ) Laptopနှင့် Tablet Huaweiများ power supply ဖွင့်မရသည့်အတွက် ခက်ခဲခြင်းနှင့် Laptopများ Window update တောင်းနေသည့်အတွက် အသုံးပြု၍ မရသည့်အခက်အခဲ၊

(ဃ) ခန့်ထားသည့် ဝန်ထမ်းဦးရေထက် ရရှိသည့်ဆိုင်ကယ်အရေအတွက်နည်းနေပါသဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခက်ခဲခြင်း(သဲကုန်း)၊

(င) Color Printer(၁)လုံး ထပ်မံလိုအပ်ခြင်း(ရွှေကူ)၊

**၂။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)**

၈။ ဆဌမနှစ်စီမံကိန်းတွင် **block grants** စုစုပေါင်း မြန်မာငွေကျပ် ၄.၃၈၈ ဘီလီယံအား မြို့နယ် (၂၂) မြို့နယ်အား ထုတ်ပေးပြီး ဖြစ်ပါသည်။

ယခုသုံးလပတ်အတွင်း Finance Assistant ဝန်ထမ်း(၂)ဦး ခန့်အပ်ထားပြီး ဖြစ်ပါသည်။

**ဆက်လက်ဆောင်ရွက်ရန်အချက်များ**

(က) ပြင်ဆင်ရမည့်ပုံစံများအား ပြင်ဆင်ခြင်း

(ခ) စီမံကိန်းပြီးဆုံးသည့်မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်း

(ဂ) လုပ်ဆောင်နေသော ကိစ္စရပ်များအား မြို့နယ်များနှင့် ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း

**ဘဏ္ဍာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်**

- ၂၀၁၈-၁၉ ခုနှစ် စုစုပေါင်း အသုံးစရိတ်များအား အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြန့်ဖြူး ပြီးဖြစ်သည်-

**FY 2018-19 (in MMK)**

| BY COMPONENT | ANNUAL BUDGET | EXPENSES | | | | Variance | % SPENT (Year to date) | % TO TOTAL CUMULATIVE EXPENDITURE |
|---|---|---|---|---|---|---|---|---|
| | | Previous quarters | Current quarter | Year to date | Cumulative to date | Year to date | | |
| COMP 1:BLOCK GRANT | 79,720,671,505 | 75,351,189,210 | 4,338,000,000 | 79,689,189,210 | 285,672,585,364 | 31,482,295 | 100% | 71% |
| COMP 2:FACILITIES & CAPACITY E | 23,286,408,949 | 18,185,085,850 | 6,322,706,029 | 24,507,791,879 | 81,107,480,309 | (1,221,382,930) | 105% | 20% |
| COMP 3:KNOWLEDGE & LEARNIN | 1,057,875,097 | 706,713,197 | 526,826,220 | 1,233,539,417 | 4,670,631,717 | (175,664,320) | 117% | 1% |
| COMP 4:IMPLEMENTATION SUPP | 5,727,359,375 | 3,677,331,257 | 1,622,691,472 | 5,300,022,729 | 32,044,244,278 | 427,336,646 | 93% | 8% |
| **TOTAL** | **109,792,314,926** | **97,920,319,514** | **12,810,223,721** | **110,730,543,235** | **403,494,941,668** | **(938,228,309)** | **101%** | **100%** |

## ၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

### ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း

၉။ လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ် စီမံကိန်းစက်ဝန်း၏ သုံးလပတ်အတွင်း စစ်ဆေးတွေ့ရှိချက်များ နှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လည်ပတ်ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ(၅%+လုပ်ငန်းသုံးပိုငွေ+အသေးသုံးလက်ကျန်ငွေ)ဖြင့် ဆောင်ရွက်သည့် (ပင်လည်ဘူး၊စေတုတ္တရာ၊အမ်း၊ထန်းတပင်၊လေးမျက်နှာ၊ တပ်ကုန်း၊ကျွန်းစု)မြို့နယ်များ အနက် ကျွန်းစုမြို့နယ်ရှိ လုပ်ငန်းခွဲ(၁၆၂)ခုတွင် (၁၄၈)ခုမှာ(၁၀၀%)ဆောင်ရွက်ပြီးဖြစ်ပြီး ကျန်လုပ်ငန်းခွဲ(၁၄)ခုမှာ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ကျန်မြို့နယ်များရှိ လုပ်ငန်းခွဲများအားလုံး (၁၀၀%)ဆောင်ရွက်ပြီးဖြစ်ပါသည်။ စီမံကိန်းမြို့နယ်များအားလုံးတွင် ရေအရည်အသွေးစစ်ဆေးမှု(water quality testing)ဆောင်ရွက်လျက်ရှိပြီး PC-21 တွင် Upload တင်နိုင်ရန်ညွှန်ကြားထားပြီး ဖြစ်ပါသည်။

Conflict area များဖြစ်သော-

### လှိုင်းဘွဲ့မြို့နယ်

လှိုင်းဘွဲ့မြို့နယ်တွင်ယခုဒုတိယနှစ်စက်ဝန်းတွင်ConflictAreaရှိကျေးရွာအုပ်စု(၂)အုပ်စု၊ကျေးရွာ(၂၆) ရွာအားထပ်တိုးဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ကျေးရွာအုပ်စု**(၃)**အုပ်စု၊ ကျေးရွာ(၂၉)ရွာမှာ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။(KNU/ KNLA/DKBA ၎င်းတို့၏ Deep control Areaများ၊ Land Mine Area )

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရကျေးရွာအုပ်စု (၁) အုပ်စု၊ ကျေးရွာ(၁၀)ရွာမှာ စီမံကိန်းဆောင်ရွက်နိုင်ခြင်းမရှိပါ။ (KNUငှင်းတို့၏ Deep control Areaများ )

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်တွင် ပထမနှစ်စက်ဝန်းမှကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာ(၄၀)မှာညှိနှိုင်းမှု အဆင်ပြေသဖြင့် ကျေးရွာအုပ်စုအားလုံးတွင် လုပ်ငန်းများအားလုံး ဆောင်ရွက်နေ ပြီဖြစ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာ(၁၇)ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်ကမြေယာကိစ္စ Issue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင်စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ(၄)ရွာကျန်ရှိပါသည်။(KNU ၎င်းတို့၏ Deep control Areaတွင် ကျေးရွာများရှိနေခြင်း)

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်သည် မူလက TPIC ခွင့်ပြုသည့် ကျေးရွာအုပ်စု (၅၄)အုပ်စု၊ ကျေးရွာ(၈၄)ရွာရှိပြီးလက်ရှိမြေပြင်အခြေအရကျေးရွာအုပ်စု(၂၆)အုပ်စု၊ကျေးရွာ(၅၈)ရွာရှိလုပ်ငန်းခွဲ(၅၈)ခုသာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး (၁၀၀)% ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းခွဲ(၂၉)ခု ရှိပြီး ကျန်ရှိသည့် ကျေးရွာများအားနယ်မြေလုံခြုံရေးပေါ်မူတည်၍တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်သည် နယ်မြေအခြေအနေအရ ယခုနှစ်စက်ဝန်းတွင် ကျေးရွာအုပ်စု (၄၂)အုပ်စု၊ ကျေးရွာ(၁၆၄)ရွာဆိုင်းငံ့ထားသော်လည်း ယခုနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာအုပ်စု (၄၈)အုပ်စု၊ကျေးရွာ(၁၅၈)ရွာရှိ စီမံကိန်းလုပ်ငန်းခွဲ(၁၅၈)ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိလုပ်ငန်းခွဲ(၈၂)ခုမှာ (၁၀၀%)ပြီးစီးပြီး လုပ်ငန်းခွဲ (၃)ခုမှာ ဆောင်ရွက်လျက်ရှိပါသည်။

**Training**

TTF Refresher သင်တန်းများအား မြို့နယ်များအားလုံးတွင် ပို့ချပြီး ဖြစ်ပါသည်။

**၄။ ဝယ်ယူရေး (အကြံပေးများနှင့် နည်းပညာအကြံပေးအဖွဲ့များ ငှားရမ်းဆောင်ရွက်ခြင်း)**

**မြို့နယ်အဆင့် နည်းပညာ အကြံပေးအဖွဲ့များ ငှားရမ်းခန့်ထားခြင်း**

၁၀။ ဝယ်ယူရေးဌာနသည် ၂၀၁၉-၂၀၂၀ အတွက် လျာထားသော မြို့နယ်သစ် ၁၃ မြို့နယ်အတွက် ရှေ့ဆက်လုပ်ဆောင်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များအား ရှာဖွေစုဆောင်းနေပြီဖြစ်ပါသည်။ မည်သည့်မြို့နယ်များတွင် TTA နည်းပညာအကြံပေးများ၏ စာချုပ်အား ဆက်လက်ချုပ်ဆိုမည် နှင့် မည်သည့်မြို့နယ်များတွင် အခြားနည်းလမ်းဖြင့် ရွေးချယ်ရမည်အား ဝယ်ယူရေးဌာနမှ ခွဲခြားရမည်ဖြစ်ပြီး မြို့နယ်များ၏ စာရင်းအား လက်ခံရယူမည်ဖြစ်ပါသည်။

လက်ရှိ **PP9** အား ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အစီရင်ခံသည့်ကာလတွင် အတည်ပြုမည်ဖြစ်ပါသည်။ ပစ္စည်းပို့ဆောင်မှုနှင့် စာချုပ် ၂ ခုလုံးအား လက်မှတ်ရေးထိုးမည်ဖြစ်ပါသည်။ ပစ္စည်းပို့ဆောင်သည့်အရေအတွက်နှင့် ဂန်ထမ်းခန့်အပ်သည် အရေအတွက်များဖြစ်သည်။ ပြည်နယ်/ တိုင်းရုံးရှိ နည်းပညာအကြံပေး ၁၅ဦးအား လုပ်ဆောင်ပြီးပြီ ဖြစ်ပါသည်။ ကျေးလက်ဦးစီးဌာနမှ အလုပ်လျှောက်လွှာ ၂၅ ခု လက်ခံရရှိခဲ့ပြီး ၂၅ ခုအား ရွေးချယ်ခဲ့ပါသည်။

**ဝယ်ယူရေးအစီအစဉ်**

၁၁။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါ လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်-

(က) G-126 Photo Copiers (၇၀)လုံးအား တင်ဒါအောင်မြင်သော Ottimo Power Co.,Ltd မှ ပစ္စည်းများ ပေးပို့ပြီး (၃-၉-၂၀၁၉) ရက်နေ့တွင် ကျန်ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ခ) G-127 Projector with screen (၂၅)စုံအား တင်ဒါအောင်မြင်သော Gandamar Business Solution Co.,Ltd အား (၁၅-၈-၂၀၁၉)ရက်နေ့တွင် ကျန်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဂ) G 128 Camera with tripod (15) စုံအား တင်ဒါအောင်မြင်သော LiNN IT Solution Co.,Ltd မှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၁၇-၉-၂၀၁၉)ရက်နေ့တွင် ကျန်ကျသင့်ငွေ (၁၀%) အား ပေးချေပြီး ဖြစ်ပါသည်။

(ဃ) G-139 Printed Operation and Maintenance Bookletအတွက် တင်ဒါအောင်မြင်သော Eugenia Star Co.,Ltd နှင့် (၂၃-၉-၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆိုဆောင်ရွက်ပြီး ဖြစ်ပါသည်။

(င) G-138 Printed Operation and Maintenance Vinyl Poster အတွက် တင်ဒါအောင်မြင်သော Xenon Co.,Ltd နှင့် (၃၀-၉-၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(စ) G-142 PRINTING NCDDP STICKERs (3 Lot)အား တင်ဒါအောင်မြင်သော Lot(1) and Lot(3) KCS Group Co., Ltd နှင့် Lot(2) Eugenia Star Co.,Ltd တို့မှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၄-၉-၂၀၁၉) ရက် နေ့တွင် ကျန်ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဆ) G-144 High-speed scanner အတွက် တင်ဒါအောင်မြင်သော LiNN IT Solution Co.,Ltdမှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၂၀-၉-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၉၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဇ) G-133 Grievance Envelopeအတွက် တင်ဒါအောင်မြင်သော Eugenia Star Co.,Ltd မှ ပစ္စည်းများ ပေးပို့ပြီး ဖြစ်ပါသဖြင့် (၁၇-၉-၂၀၁၉)ရက်နေ့တွင် ကျသင့်ငွေ (၉၀%)နှင့် (၂၀-၉-၂၀၁၉) ရက်နေ့တွင် ကျသင့်ငွေ (၁၀%)အား ပေးချေပြီး ဖြစ်ပါသည်။

(ဈ) G-134 T-shirts အတွက် တင်ဒါအောင်မြင်သော The Joint Venture of Maung Myint Ko Media Services Co.,td and Thein Wa Garment နှင့် (၃၀-၈-၂၀၁၉) ရက်နေ့တွင် စာချုပ်ချုပ်ဆိုဆောင်ရွက်ပြီး စက်တင်ဘာလအတွင်း သက်ဆိုင်ရာမြို့နယ်များသို့ ပေးပို့လျက် ရှိပါသည်။

(ည) G-135 Capsအတွက် တင်ဒါအောင်မြင်သော City Global Mark Services Co.,Ltd နှင့် (၅-၉-၂၀၁၉)ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဋ) G-141 Printing Gender Manual, Check List Review and Gender Success Stories အတွက် တင်ဒါအောင်မြင်သော Nay Linn Offset and Prinitng နှင့် (၂၃-၉-၂၀၁၉) ရက်နေ့တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဌ) G-123 Supply and Installation of a Closed Circuit TV Security System (CCTV) in the New Office Building of the Department of Rural Development ၂၆-၉-၂၀၁၉ ရက်နေ့တွင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၉) အရ တင်ဒါအောင်မြင်သော Yadanarbon Fibre Services Co.,Ltd နှင့် စာချုပ်ချုပ်ဆို ဝယ်ယူသွားရန် တင်ဒါရွေးချယ်ထားမှု အခြေအနေအား အတည်ပြုပြီး ဖြစ်ပါသည်။

(ဍ) ဘီးလင်းမြို့နယ်မှ Tablet (Samsung) (၁)လုံး ပျောက်ဆုံးခြင်း ပစ္စည်းတန်ဘိုးအား ပေးလျော်ပြီး ဖြစ်ပါသည်။

(ဎ) မော်တော်ဆိုင်ကယ် (၂၂၇)စီး နှင့် Tablet (၂၂၄)လုံး များအား ပြည်နယ်/ တိုင်းရုံးခွဲ များနှင့် မြို့နယ်များသို့ ခွဲဝေပြီး ဖြစ်ပါသည်။

(ဏ) တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်း ရုံးခွဲများ၊ စီမံကိန်းမြို့နယ် များနှင့် ပြည်ထောင်စုအဆင့် များသို့ (၁၆-၉-၂၀၁၉)ရက်နေ့တွင် High-Speed Scanner (၇၀)လုံးအား လာရောက် ထုတ်ယူရန် အကြောင်းကြားခဲ့ပြီး (၂၅-၉-၂၀၁၉)ရက်နေ့တွင် စက်အသုံးပြုနည်းသင်တန်းဖွင့်လှစ်ခဲ့ပြီး Scanners များ ထုတ်ယူပြီးစီးပြီး ဖြစ်ပါသည်။

(တ) တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးခွဲများ၊ စီမံကိန်းမြို့နယ်များနှင့် ပြည်ထောင်စု အဆင့်များသို့ မိတ္တူကူးစက် (၄၈)လုံး ထုတ်ပေးခြင်း (၁၆-၉-၂၀၁၉)ရက်နေ့တွင် မိတ္တူကူးစက်များ လာရောက်ထုတ်ယူရန် အကြောင်းကြားခဲ့ပြီး (၃၀-၉-၂၀၁၉)ရက်နေ့ ထုတ်ယူပြီးစီးပြီး ဖြစ်ပါသည်။

(ထ) မော်တော်ဆိုင်ကယ်(၂၂၇)စီးအတွက် မော်တော်ဆိုင်ကယ်ဦးထုပ် (၄၅၄)လုံး တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများမှ စီမံကိန်း တွဲဘက်ဝန်ထမ်းများနှင့် မြို့နယ် (၂၄)မြို့နယ်များမှ မော်တော်ဆိုင်ကယ် (၂၂၇)စီး နှင့် Tablet (၂၂၄)လုံး များအား ပြည်နယ်/ တိုင်းရုံးခွဲ များနှင့် လက်ထောက် နည်းပညာမှူး များသို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ထပ်မံခွဲဝေချထားပေးသော TVS 110cc မော်တော်ဆိုင်ကယ် ၂၂၇စီးအတွက် ZHC Helmets (၄၅၄)လုံးအား ခွဲဝေချထားပြီးဖြစ်ပါသည်။

(ဒ) ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး TVS 110cc မော်တော်ဆိုင်ကယ် (၃၃)စီး ပြင်ဆင်မည့် ခန့်မှန်းကုန်ကျစရိတ် ၁,၉၉၀,၀၀၀/- ၏ (၉၀%) ဖြစ်သော ၁,၇၉၁,၀၀၀/- ဖြင့် ပြင်ဆင်ရန် ၂၄-၉-၂၀၁၉ ရက်နေ့ စာအမှတ်၊ ၁၄၀၂/ဝယ်ဖြန့်-၂ /ကျေးလက်(၈)ဖြင့် ပေးပို့ပြီး ဖြစ်ပါသည်။

(ဓ) အင်္ဂပူမြို့နယ် Huawei Media Pad M3 ပေးလျော် ရမည့် ငွေကျပ် ၃၀၃,၀၄၅/- ဆီဆိုင်မြို့နယ် Samsaung ပေးလျော်ရမည့် ငွေကျပ် ၃၀၆,၆၆၉.၃၂/- မတူပီမြို့နယ် Samsaung ပေးလျော်ရမည့် ငွေကျပ်၁၃၉,၇၀၈.၃၅/- ဂွမြို့နယ် Huawei Media Pad M3 ပေးလျော်ရမည့် ငွေကျပ် ၃၅၅,၃၁၂.၆၆/- ဖြင့် ပေးလျော်သွားရန် သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ ရုံးစာဖြင့် ပေးပို့ပြီး ဖြစ်ပါသည်။

(န) ပင်လည်ဘူးမြို့နယ်သို့ ပုံသေပိုင်ပစ္စည်းများ သွားရောက်စစ်ဆေးခြင်းအား (၁-၉-၂၀၁၉)ရက်နေ့မှ (၄-၉-၂၀၁၉)ရက်နေ့ထိ သွားရောက်ခဲ့ပြီး အစီရင်ခံစာအား တင်ပြထားပြီး ဖြစ်ပါသည်။

**နောင်လာမည့်သုံးလအတွင်းဆောင်ရွက်မည့် အစီအစဉ်များ**

၁၂။ နောက် သုံးလပတ် (အောက်တိုဘာ - ဒီဇင်ဘာ ၂၀၁၉)

စီမံကိန်းမှ တာဝန်ရှိသူများသည် ၂၀၁၉-၂၀၂၀ အတွက် လျာထားသော မြို့နယ်သစ် ၁၃ မြို့နယ်အတွက် လိုအပ်သည်များကို ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ၄င်းမြို့နယ်များ၏ အမည်များ ထုတ်ဖော်ခြင်းအား ဆက်လက်စောင့်စားလျက်ရှိပါသည်။ ၄င်းမြို့နယ်များ၏ ပထဝီဝင်အနေအထားကြည့်ခြင်းအားဖြင့် ဝယ်ယူရေးဌာနအတွက် သင့်တော်သော ရွေးချယ်ရေးနည်းလမ်းများ (ဥပမာ - တည်ရှိပြီးသား စာချုပ်သက်တမ်းတိုးရန် (သို့) အခြား ရွေးချယ်ရေးနည်းလမ်း) ရှာဖွေရန် လွယ်ကူမည်ဖြစ်သည်။

လက်ရှိ PP9 အား ဆက်လက်ရေးဆွဲမည်ဖြစ်ပါသည်။ ပစ္စည်းများနှင့် နည်းပညာအကြံပေး နှစ်မျိုးအား စာချုပ်လက်မှတ်ထိုး ပြီးပြီ ဖြစ်ပြီး အချို့ ပစ္စည်းများအား ပို့ဆောင်ထားပြီး အချို့ နည်းပညာအကြံပေးများ ခန့်အပ်ပြီး ဖြစ်သည်။

နည်းပညာအကြံပေးများတွင် C 53 ပြည်/တိုင်း နည်းပညာအကြံပေးများ ၁၅ဦးလျာထားချက်တွင် ၉ ဦး ခန့်အပ်ပြီး ဖြစ်ပါသည်။ ကျေးလက်မှ အလုပ်လျှောက်လွှာပေါင်း ၈၀ ကျော် လက်ခံရရှိခဲ့ပါသည်။

**၅။ သင်တန်းအခြေအနေ**

၁၃။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုအဆင့်မှ High Speed Scanner Using သင်တန်း **၁** ခု၊ Video Editing သင်တန်း **၃** ခု နှင့် Photocopier Using သင်တန်း ၁ခု စသော သင်တန်းပေါင်း ၅ ခုအား ပြုလုပ်ခဲ့ပါသည်။ ၄င်းသင်တန်းများအား တက်ရောက်သူ ၁၆၈ ဦး **(**ကျေးလက် ၁၃၆ ဦး နှင့် မြို့နယ် အကြံပေး ၃၂ ဦး**)** ရှိခဲ့ပါသည်။

- အစီရင်ခံသည့်ကာလအတွင်း မြို့နယ်အဆင့်သင်တန်းပေါင်း ၁၂၇ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၄၈၃၅ ဦး ရှိခဲ့ပါသည်။ မြို့နယ်အဆင့်တွင် သင်တန်းပေါင်း ၁၄ မျိုးရှိပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအဆင့်သင်တန်းပေါင်း ၂၀၁၁ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၅၃၅၆၅ ဦး ရှိခဲ့ပါသည်။ ကျေးရွာအဆင့်တွင်သင်တန်းပေါင်း ၇ မျိုးရှိပါသည်။
- သင်တန်းပေါင်း ၂၁၃၈ခု ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၅၈၄၀၀ ဦး ရှိခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း စုစုပေါင်းကုန်ကျငွေမှာ ၁၀၁,၈၂၃,၂၃၇ ကျပ်ဖြစ်ပါသည်။ အသေးစိတ်ခွဲခြမ်းရသော်၊ ပြည်ထောင်စုအဆင့်တွင် ကုန်ကျသောငွေမှာ ၆၄၂၈၀၀ ကျပ်၊ မြို့နယ်အဆင့်တွင် ကုန်ကျသောငွေမှာ ၄၃၉၈၂၆၀၆ ကျပ်၊ ကျေးရွာအဆင့်တွင် ကုန်ကျသောငွေမှာ ၅၇၁၉၇၈၃၁ ကျပ် ဖြစ်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျက်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် စီမံကိန်းမြို့နယ် ၁၉ မြို့နယ်အတွက် သင်တန်း ၁၁ မျိုးအား ပြုလုပ်ခဲ့ပါသည်။ ၄င်းတို့မှာ Cycle project Management သင်တန်း**,**

Enhancing Stakeholder engagement သင်တန်း၊ Participatory M&E သင်တန်း၊ Social Mobilization & Facilitation သင်တန်း၊ Mobilization& Development သင်တန်း၊ Basic Principle of community development & Mobilizationသင်တန်း၊ Team building သင်တန်း၊ Leadership သင်တန်း၊ Basic Excel သင်တန်း၊ Steel structure သင်တန်းနှင့် Community Mobilization သင်တန်းများဖြစ်ပါသည်။ သင်တန်းစုစုပေါင်း ကုန်ကျငွေမှာ ၇၅၃၄၉၆၀နှင့် သင်တန်းပါဝင်သူပေါင်း ၂၀၆ဦး(ကျား-၈၅၊ မ-၁၂၁)ပါဝင်ပါသည်။

- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် (MGRI, Cardno, ASI, VNG)မှ Video Editing သင်တန်း ကုန်ကျငွေ ၂၁၀၀၀၀၀နှင့် သင်တန်းပါဝင်သူပေါင်း ၇၂ဦး(ကျေးလက်-၄၃၊ အကြံပေး-၂၉)ပါဝင်ပါသည်။
- ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့မှ မြို့နယ် ၁၇ မြို့နယ်အား TOF 1 refersher Training (၆)ကြိမ်၊ TOF 2 refersher Training (၃)ကြိမ်၊ TOF 3 Training (၃)ကြိမ်၊ Pre-MSR Meetings (၄)ကြိမ်၊ CF/TF pre-forum (၂)ကြိမ်၊ MSR Meeting (၁)ကြိမ်နှင့် Exchange Visit (၁)ကြိမ် သင်တန်းများတွင် အထောက်အကူပေးရန် သွားရောက်ခဲ့ပါသည်။

- **Comparison of Plan and Output of last quarter**

| Sr. | Plan | Achievement | Remark |
|---|---|---|---|
| 1 | **Training and support activities** | | |
| | TOT-1 (round 2)- 7 townships | Has plan to be organized in last quarter and it will be combination training. | |
| | TOT-2 (16 townships) | Has plan to be organized in last quarter and it will be combination training. | |
| | TOT-3 (16 townships) | Has plan to be organized in last quarter and it will be combination training. | |
| | TMSR support | Thaegone and Mongkhet | Pre MSR |
| 2 | **Training management and materials development** | | |
| | Continued coordination and execution of the Training Program and Training Plan, including compiling training materials for all trainings in every NCDDP unit. | Organized as quarterly basic. | |
| | Facilitating for 40K/15K capacity building fund for approval | ongoing | |

## Planning for next quarter (Apr-June'19)

| SN | Detail description | Participants | Time frame | Remark |
|---|---|---|---|---|
| 1 | TOT-1 (round 2) - 7 townships | TTA TL, TDRD TL, NPA, 1 other KE | Nov'19 | combined training |
| 2 | TOT-2 (16 townships) | TTA TL, TDRD TL, NPA, 1 other KE | Nov'19 | |
| 3 | TOT-3 (16 townships) | TTA TL, TDRD TL, NPA, 1 other KE | Dec'19 | |

## Achievement of 40 K (Summary)

| Name of IP | Name of training an | M | F | Total | Date | MMK | USD |
|---|---|---|---|---|---|---|---|
| Cardno | Participatory M & E (Pauk) | 26 | 48 | 74 | July | | |
| Cardno | Participatory M & E (Saw) | 20 | 27 | 47 | July | 154,600 | 1,350 |
| PKW | Community Mobilization (Moegaung) | 20 | 23 | 43 | July | 1,153,880 | |
| MGRI | Mobilization & Development (Kawkayeik) | 28 | 28 | 56 | July | 360,000 | |
| MGRI | Basic principle of CD & Mobilization (Hlaingbwe) | 46 | 52 | 98 | July | 737,750 | |
| PKW | Enhancing Stakeholder engagement (Moegaung) | 19 | 20 | 39 | Aug | 1,587,540 | |
| NAG | Project Cycle Management training (Kyauktan) | 15 | 27 | 42 | Aug | 2,399,850 | |
| NAG | Project Cycle Management training (Kungyangon) | 15 | 25 | 40 | Aug | 1,534,850 | |
| MGRI | Steel Structure Training at Kawkayeik | 15 | 7 | 22 | Sep | 340,000 | |
| MGRI | Team Building training at Hlaingbwe | 49 | 49 | 98 | Sep | 793,750 | |
| NAG/PKW/Mercy Corps | Video Editing training at NPT | 30 | 41 | 71 | Sep | 272,000 | |
| Mercy Corps | PCM (Tharbaung) | 34 | 37 | 71 | Sep | 3,867,618 | |
| Mercy Corps | Social Mobilization & Facilitation (Mongkhet) | 13 | 12 | 25 | Sep | 198,050 | |
| Mercy Corps | Social Mobilization & Facilitation (Danuphyu) | 20 | 24 | 44 | Sep | 608,700 | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| Mercy Corps | Social Mobilization & Facilitation (Maukmai) | 14 | 13 | 27 | Sep | 2,401,000 | |
| Cardno | Participatory M & E (Tongzan) | 22 | 14 | 36 | Sep | 496,000 | 1,100 |
| Cardno | Leadership (Moenyo) | 28 | 27 | 55 | Sep | 538,500 | |
| Cardno | Participatory M & E (Htilin) | 24 | 26 | 50 | Sep | | |
| Cardno | Leadership (Mindon) | 27 | 33 | 60 | Sep | 521,300 | |
| Cardno | Leadership (Kawhmu) | 26 | 23 | 49 | Sep | 506,800 | |
| Cardno | Participatory M & E (Matupi) | 42 | 14 | 56 | Sep | 993,100 | 1,500 |
| Cardno | Leadership & Management (Kyarinseikkyi) | 43 | 21 | 64 | Sep | 521,500 | |
| NAG | Basic Excel training (Myaung) | 18 | 27 | 45 | Sep | 2,144,350 | |
| NAG | Leadership (Banmauk) | 26 | 22 | 48 | Sep | 2,826,800 | |
| | **Total** | **620** | **640** | **1260** | | **24,957,938** | **3,950** |

**တိုးတက်မှုနှင့် စိန်ခေါ်မှုများ**

- မြို့နယ်များမှ ပြည်ထောင်စုအဆင့်သို့ အစီရင်ခံစာပေးပို့ရန် နောက်ကျခြင်း နှင့် အချက်အလက်များ မစုံလင်ခြင်း။
- မြို့နယ်အဖွဲ့အချင်းချင်း သတင်းအချက်အလက်ကွာဟခြင်း
- အချက်အလက်များ ပေးပို့ရာတွင် မြို့နယ်များအားလုံးသည် တိကျတဲ့ပုံစံတွေ ပေးပို့ဖို့ လိုအပ်ပါသည်။

**မြို့နယ်များသို့ အကြံပြုချက်**

- မြို့နယ်အဆင့် သင်တန်းများကို TOF သင်တန်းကဲ့သို့ တိကျသည့် သင်တန်းများကို ပြည်ထောင်စုအဆင့် သင်တန်းလမ်းညွှန်မှု မပေးခင်အတွင်း သင်တန်းအခြေအနေများ ပေးစေလိုပါသည်။
- မြို့နယ်မှာရှိတဲ့ မြို့နယ်မှူးနှင့် နည်းပညာမှူးများအား TOTsသင်တန်းအစား TOF 1နှင့် TOF2 သင်တန်းများ အဆင့်မြှင့် ပေးစေလိုပါသည်။
- လုပ်ဖော်ကိုင်ဖက်များမှ တိကျမှန်ကန်သော အချက်အလက်များအား ပြည်ထောင်စုအဆင့်သို့ ပေးပို့ရန်
- သင်တန်းများ၏ အမှန်တကယ်ကုန်ကျငွေအချက်အလက်အား ပြည်ထောင်စုအဆင့်သို့ ပေးပို့ပါရန်
- ပြည်ထောင်စုသို့ ပေးပို့သည် အချက်အလက်များမှာ သက်ဆိုင်ရာမြို့နယ်များ၏ ကျေးလက်ဝန်ထမ်း + မြို့နယ်အကြံပေးဝန်ထမ်းများ ၂ဖက်စလုံးမှ သဘောတူထားပြီးသော အချက်အလက်များ ဖြစ်ရန်
- သင်တန်းလုပ်တိုင်း သင်တန်းအချက်အလက်များအား ဖြည့်သွင်းရန်

- ပြည်ထောင်စုအဆင့်မှ ပေးထားသည့် သင်တန်းလမ်းညွှန်အတိုင်း သင်တန်းများအားပေးရန်
- မြို့နယ်အဆင့်ရှိသင်တန်းများအတွက် TOF သင်တန်းပြဌာန်းချက်များနှင့် သင်တန်းကြာမြင့်ချိန်အား ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့၏ လမ်းညွှန်မှုအတိုင်း သင်ကြားပို့ချဆောင်ရွက်သင့်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျက်ဖြစ်သော ကျပ် ၄၀၀၀၀ အစီရင်ခံစာအား သင်တန်းအဖွဲ့ရှိ minminzaw1090@gmail.com ထံသို့ လစဉ် ပထမအပါတ်တနင်္လာနေ့တိုင်း ပေးပို့ပါရန်

## ၆။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

၁၄။ ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် M&E/MIS KE Forumများ ဩဂုတ်လတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ M&E/MIS Refresher Trainingပေးရန် ကျန်နေသော(၄) မြို့နယ်အား စက်တင်ဘာလတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။

ဤကာလအတွင်းတွင် **GIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ ပို့ကြပါသည်။ အနည်းငယ်သော ပြည်နယ်တိုင်းရုံးများသည် သုံးလပတ်အတွင် အစီရင်ခံစာ ပေးပို့ရာတွင် နှောင့်နှေး ကြန့်ကြာနေပါသည်။

## နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်

(က) ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများတို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ်/တိုင်းများသို့ သင်တန်းသွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်းမြို့နယ်များသို့လည်း ကွင်းဆင်းဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) စီမံကိန်းနောက်ဆုံးနှစ် ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်ဆင်းစစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဂ) Union MSR တွင် M&E/MIS Section အနေဖြင့် ပြခန်းများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း**

| သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|
| <u>MIS</u><br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် M&E/MIS KE Forumများ ဩဂုတ်လတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။<br>• M&E/MIS Refresher Trainingပေးရန် ကျန်နေသော(၄)မြို့နယ်အား စက်တင်ဘာလတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ | <u>MIS</u><br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်/ တိုင်းတွင် စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံများ တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ် သော အသုံး ပြုပုံများ သင်တန်းအား ပြည်နယ် /တိုင်းများသို့ သင်တန်း သွားရောက် ပို့ချမည် ဖြစ်ပါသည်။ စီမံကိန်း မြို့နယ်များသို့လည်း ကွင်းဆင်း ဆောင်ရွက်မည် ဖြစ်ပါသည်။<br>• စီမံကိန်း နောက်ဆုံးနှစ်ရောက်ရှိနေသော စီမံ ကိန်းမြို့နယ်များအား ပြည်ထောင်စု အဆင့် စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့မှ ကွင်းဆင်း စစ်ဆေးသွားမည် ဖြစ်ပါသည်။<br>• Union MSR တွင် M&E/MIS Section အနေဖြင့် ပြခန်းများ အောက်တိုဘာလ အတွင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ |
| <u>GIS</u><br>သုံးလပတ်အတွင်းရှိသော သင်တန်းများတွင် ချိတ်ဆက်ပြီး<br>• **MIS**အချိန်နှင့်တပြေးညီအချက်အလက် (**PC 8**) နှင့် **GIS dashboard** အချက်အလက် အကြား ကွာဟချက် များအားလုံး အချိန်နှင့် တပြေးညီ စီစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။ | <u>GIS</u><br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် (**PC 8**) နှင့် **GIS dashboard** အချက် အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

| | |
|---|---|
| <u>**အစီရင်ခံခြင်း**</u><br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီးဖြစ်ပါသည်။<br>• မြို့နယ်အချို့မှာ သုံးလပတ် အစီရင်ခံစာအား အချိန်မီ တင်ပြမှု အားနည်းသည်။ | |

## ၇။ သတင်းပြန်ကြားဆက်သွယ်ရေး

| | Issues and Activities | Comments and Next Steps |
|---|---|---|
| *Activities this quarter (April to June 2019)* | | *Next action plan (July to Sep 2019)* |
| | • TownshipMSRများတွင်ပါဝင်ဆောင်ရွက်ခြင်း၊<br>• တီရှပ်၊ ကျားမရေးရာ လက်စွဲစာအုပ် လည်ပတ်ပြုပြင်ထိန်းသိမ်းစာအုပ် ဗီနိုင်း အကြံပြုစာအိတ်၊ စီမံကိန်းဆိုင်းဘုတ်များ စာချုပ်ချုပ်ဆို ဝယ်ယူဖြန့်ဝေခဲ့သည်။<br>• Video Editing Training (ဒုတိယအကြိမ်)ကို ဇူလိုင်လ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ သင်တန်းသားစုစုပေါင်း (၇၁)ဦးအား ပို့ချရန် (ပြည်နယ်/တိုင်း(၈)ခုမှ မြို့နယ်(၂၆)မြို့နယ်မှ ဝန်ထမ်းများအတွက်)၊<br>• သတင်းစာမီဒီယာတွင် သတင်းပါရှိမှု အရေ အတွက် ကောက်ခံပြီး သတင်းများအား စီမံကိန်း website တွင် ဖော်ပြခဲ့သည်။<br>• မြို့နယ်များ၏ Information Campaign ပွဲများကို စိစစ်ပေးခဲ့သည်။<br>• စီမံကိန်း အောင်မြင်မှုဇာတ်လမ်းများ စုဆောင်း ခဲ့သည်။<br>• Updated Communications Strategy နှင့် Action Plan ကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားဆဲဖြစ်သည်။<br>• Communications Consultant ငှားရမ်း နေဆဲဖြစ်ပါသည်။ | • ကျန်ရှိနေသော township MSR များတွင် ပါဝင်ဆောင်ရွက်ရန်၊<br>• မြို့နယ် Information Campaign များ ပြုလုပ်မှုကို စိစစ်ရန်၊<br>• စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းခရီးစဉ်များ သွားရောက်ရန်၊<br>• စီမံကိန်းမြို့နယ်အချို့သို့ Media Monitoring Trip သွားရောက်ရန်<br>• စီမံကိန်း သတင်းများကို စီမံကိန်း website နှင့် social media တို့တွင် ဖော်ပြသွားရန်၊<br>• မြို့နယ်အဆင့် Communications Training များကို Union Communications Team မှ သွားရောက်ပို့ချရန် (အထူးသဖြင့် မြို့နယ်အသစ် ၁၆ မြို့နယ်အတွက်)<br>• ၈-၁၀-၂၀၁၉ တွင် Union Level Review Meeting ကျင်းပရန်<br>• Project IEC material များ ဝယ်ယူရန်။ |

## ၈။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ

၁၅။ ၂၀၁၉ ခုနှစ် တတိယ သုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၉၃၀ ခု လက်ခံရရှိပြီး အကြံပြုစာ ၁၈စောင် ( ၂%) သည် **“core grievances”** (စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံး လုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)) များဖြစ်သည်။ (၃၀-၉-၁၉)ရက်နေ့အထိ ၉၀၁ (၉၈.၇ % )ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ (ဇယား- ၈,၉)

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၂၅၉၄၉ စောင် လက်ခံရရှိ ပြီး ၂၅၉၃၄ (၉၉.၉ %) ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၇၉(၉%)စောင်၊ မြို့နယ်အဆင့်တွင် ၇၂၆(၈၀%)စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ၇၁(၈%) စောင်နှင့် ပြည်ထောင်စုအဆင့်တွင် ၃၇(၄%) လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၃၉၂(၄၃%)စောင်၊ အမျိုးသမီး များမှ ၂၅၉(၂၈%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၂၆၂(၂၉%) စောင် လက်ခံရရှိ ခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၈၀၄(၈၈%)စောင်၊ လူကိုယ်တိုင် ၃၃(၄%)စောင်၊ တယ်လီဖုန်းဖြင့် ၂၉(၃%)စောင်၊ ကျေးရွာအစည်းဝေးမှ ၁၀(၁%)စောင်၊ E-mailဖြင့် ၇(၁%)စောင်၊ အကြံပြုကိုယ်စားမှတဆင့် ၁၃(၁%)စောင်၊ အခြားဖြင့် ၁၇(၂%) လက်ခံရရှိ ခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာ ၈၉၃(၉၈%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာ များဖြစ်သည်။

၁၆။ ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

ကျေးဇူးတင်စာများကို (၁၀)ရက်အတွင်း၊ မသင့်လျော်သော ဝင်ရောက် စွက်ဖက်မှု (လုပ်ပိုင် ခွင့်ကို အလွဲသုံးစားပြုခြင်း)စာများကို (၉)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများဆိုင်ရာ သာမန် မေးမြန်းစုံစမ်းခြင်းစားများကို(၁၂)ရက်အတွင်း၊ တာဝန်ယူနိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၅) အတွင်း၊ ဝန်ထမ်းရေးရာနှင့် အခြား အကြောင်းအရာများကို(၁၀)ရက် အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံး လုပ်နည်းများ ချိုးဖောက်ခြင်း များကို (၈)ရက် အတွင်း၊ သဘောတူ စာချုပ်ချိုး ဖောက်ခြင်းကို(၁)ရက် အတွင်းနှင့် အကြံပြုစာများကို(၁၁)အတွင်း ပျမ်းမျှဖြေရှင်း အကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ်အတွင်း လက်ခံ ရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာအားလုံးကို ပျမ်းမျှ(၁၀)ရက်အတွင်း ဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ ပါသည်။

၁၇။ Core Grievances များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း- ၁၃ စောင်(၁၂စောင် ဖြေရှင်းပြီး၊ ၁ စောင် ဖြေရှင်းဆဲ)၊
- သဘောတူစာချုပ်ချိုးဖောက်ခြင်း- ၂ စောင်(ဖြေရှင်းပြီး)၊

- မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)-၃ စောင် (၂ဖြေရှင်းပြီး၊ ၁ စောင် ဖြေရှင်းဆဲ)

၁၈။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

- **Union Monitoring Visits;** တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ အကြံပြုကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုနှင့် ဝေဖန်အကြံပြုတိုင်ကြားစာများအား ဖြေရှင်းဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ အကြံပြုတိုင်ကြားစာများနှင့်ပတ်သက်၍ မှန်ကန်တိကျသည့် အချက်အလက်များရရှိရန် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအဆင့် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့သည် မြို့နယ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးစဉ် (၃)ခု သွားရောက်ခဲ့ပါသည်။
- Staffing; National GHM Expert သည် ယခုအချိန်အထိ လစ်လပ်လျက်ရှိပါသည်။

## ၉။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ

စီမံကိန်းမြို့နယ်များရှိ အမျိုးသမီးကွန်ယက်အဖွဲ့များနှင့် Public dialogue ကို စုစုပေါင်း ၁၇ မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း မြို့နယ်(၅၄) မြို့များမှ ကော်မတီဝင်များသည် ကျေးရွာအဆင့် လုပ်ငန်းလည်ပတ်ပြုပြင် ထိန်းသိမ်းနိုင်ရန်အတွက် ကော်မတီဝင် များနှင့် တွေ့ဆုံခြင်း၊ လုပ်ငန်းအပြီးသတ် ဆွေးနွေးခြင်းနှင့် ကျေးရွာကော်မတီဝင်များအား စွမ်းဆောင်ရည် ပြန်လည်ဆန်းစစ်ခြင်း၊ လူထုစစ်ဆေးပွဲများပြုလုပ်ခြင်း၊CMT သင်တန်းများ လူထုစစ်ဆေးပွဲတွင် ကျားမပါဝင်မှု၊ နည်းပညာအစည်းအဝေးတွင် ကျားမတန်းတူ ဆုံးဖြတ်ချက်ချနိုင်မှုနှင့် တတိယအကြိမ် အစည်းအဝေးတွင် ကျားမတန်းတူဆုံးဖြတ်ချက်ချနိုင်မှုနှင့် ကျားမရေးရာသင်တန်းများအား အကြိမ်ရေ (၂၁၃) ကြိမ် ရရှိခဲ့ပြီး ကော်မတီစုစုပေါင်း ( ၄၂၅၁၃)ဦး ရရှိခဲ့ပါသည်။

ကျားမရေးရာ လစဉ်အစီရင်ခံစာတွင် တွေ့ရှိချက်များမှာ အမျိုးသားအမျိုးသမီး ခွဲခြားဆက်ဆံမှုလျော့သွားကြောင်း တွေ့ရပါသည်။ သင်တန်းများတက်ရောက်ရတဲ့အတွက် အမျိုးသမီးတွေက ယခင်ကထက် ပြောရဲဆိုရဲရှိ ပြီး ကျား-မရေးရာ သဘောတရားတွေကို ယခင်ကထက် နားလည်လာတဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အမျိုးသမီးတွေက ပူးပေါင်းပါဝင်မှု အခွင့်အရေးတွေ ရရှိလာပါတယ်။ လူထုဗဟိုပြုစီမံကိန်း ဝင်ရောက် လာပြီး ကော်မတီဖွဲ့စည်းရာအမျိုးသမီးကော်မတီအဖြစ် ရွေးချယ်ခံရသဖြင့် အမျိုးသားများနှင့်တန်းတူဦးဆောင်ကာ အလုပ်လုပ်ခဲ့ရသည့်အတွက် ပြောရဲဆိုရဲရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင်လည်း ဦးဆောင်ခွင့် ရလာပါသည်။

ယခင်က အစည်းအဝေးနှင့်ဝင်ငွေ ရရှိတဲ့ လုပ်ငန်းများတွင် နောက်တွင် ကျန်ရစ်ခဲ့သော်လည်း ယခုအခါ ဦးဆောင်နိုင်ပြီး ဝင်ငွေရှာဖွေနိုင်သော လုပ်ငန်းများ လုပ်ကိုင်လာနိုင်ခြင်းကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် ယခင်ကတောင်ယာအလုပ်ဖြင့် အချိန်ကုန်ပြီး ဗဟုသုတနည်းပါးခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းတွင် အုပ်စုဥက္ကဋ္ဌဖြစ်လာသောအခါ မြို့နယ်ရုံးများနှင့် ဆက်သွယ်လုပ်ဆောင်လာနိုင်သည့်အပြင် ဘဏ်နှင့် ချိတ်ဆက်ပြီး ငွေသွင်းငွေထုပ်သောစနစ်များပါ တက်ကျွမ်းလာပါသည်။

**နောင်တွင်ပြုလုပ်ရမည့်အချက်များ**

- **ကျားမရေးရာ သုံးလပတ်အား နိုဝင်ဘာလတွင် ကျင်းပြုလုပ်သွားမည်ဖြစ်ပါသည်။**
- **ကျားမရေးရာနှင့် ပက်သက်သော ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ပါသည်။**

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP စာအုပ်အား မြို့နယ်စုစုပေါင်း(၅၄)မြို့နယ်၏ စာအုပ်များကို Website တွင် Upload တင်ရမည်ဖြစ်ပြီး မြို့နယ်အဟောင်း (၃၈)မြို့နယ်မှ မြို့နယ်(၁၁)မြို့နယ်မှာ 100% တင်ထားပြီး ကျန်ရှိသော မြို့နယ်များမှာ upload တင်နေဆဲဖြစ်ပါသည်။ အသစ်(၁၆)မြို့နယ်တွင် 100% တင်ထားပြီးသော မြို့နယ်မှာ(၁၃)မြို့နယ်ဖြစ်ပြီး (၃)မြို့နယ်ကျန်ရှိနေပါသည်။ (၃)လအတွင်း VDP Integration Workshop ပြုလုပ်သော မြို့နယ်မှာ မင်းတုန်း၊ သာပေါင်း၊ ဓနုဖြူ၊ ဒီးမော့ဆို၊ ကနီမြို့နယ်တို့ ဖြစ်ပါသည်။

**တွေ့ရှိချက်(ဒီးမော့ဆိုမြို့နယ်)**

စီမံကိန်းသည် Phase Out ပြုလုပ်တော့မည်ဖြစ်သည့်အတွက် VDP Workshop ကိုထိထိရောက်ရောက်ပြုလုပ်နိုင်ရန် အစည်းအဝေးပြုလုပ်။ အစည်းအဝေးတွင် မြို့နယ်ဦးစီးမှူးမှ ယခင်နှစ်တွင် ပြုလုပ်ခဲ့သော VDP Work Shop မှ ထွက်ရှိလာသော လုပ်ငန်းများကို လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ မြို့နယ်ရှိ အခြားသော NGO အဖွဲ့အစည်းများမှလည်း မိမိတို့၏ Data များကို အသုံးပြု၍ ၎င်းတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် CDD ကဲ့သို့ ရန်ပုံငွေ များများမသုံးနိုင်သဖြင့် လုပ်ငန်းအသေးအဖွဲ့မျှသာ ဆောင်ရွက် နိုင်ခဲ့ကြောင်း၊ ယခင်ပြုလုပ်ခဲ့သောVDP Work Shop သည်အကျိုးရှိကြောင်း

**ဆွေးနွေး**

နောက်ဆုံးနှစ် VDP WS ကို ဇူလိုင်လ ၂၃/၂၄ ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းအနှစ်ချုပ် ဇယားများအား စစ်ဆေး၍ ဆွေးနွေးပွဲ ပြီးပါက အစည်းအဝေးမှတ်တမ်း ပေးပို့ရမည့် ရက်များအချိန်မှီ ပေးပို့နိုင်ရန်၊ အစီ ရင်ခံစာပေးပို့ရမည့်ပုံစံများ သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက် ဆောင်ရွက်သွားရမည့် အပိုင်း များကို ထိထိရောက်ရောက်ပြုလုပ်နိုင်ရန် မှာကြားခဲ့ပါသည်။

**သုံးသပ်ချက်**

VDP Work Shop မှ ထွက်ရှိလာသော လုပ်ငန်းများကို လွှတ်တော်ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ခြင်း၊ NGO ,INGO အဖွဲ့အစည်းများမှ မိမိတို့၏ Dataများကို အသုံးပြု၍ ၎င်းတို့၏

လုပ်ငန်းများကို အကောင်အထည်ဖော်သည့်အတွက် အကျိုးရှိသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း သိရှိရပါသည်။

## VDP Workshop ပြုလုပ်မည့်မြို့နယ်ဇယား

**VDP Workshop Tentaive Date (Oct 2018 to Sept 2019 )**

| Sr | Month | April | May | June | July | Aug | Sept | Oct |
|---|---|---|---|---|---|---|---|---|
| 1 | | | | | Paletwa | | | |
| 2 | | | | | | | Tanintharyi | |
| 3 | | | | | Myaung | | | |
| 4 | | | | | | | Banmauk | |
| 5 | | | | | | | | |
| 6 | | | | | | Kyangin | | |
| 7 | | | | | | | | |
| 8 | | | | | | | Kawhmu | |
| 9 | | | | | | | Ngazon | |
| 10 | | | | | Nyaung Oo | | | |
| 11 | | | | | | | Monyo | |
| 12 | | | | | | | Kyaukkyi | |
| 13 | | | | | Chaungzon | | | |
| 14 | **Townships** | | | | | | Bilin | |
| 15 | | | | | | | hpruso | |
| 16 | | | | | | | | |
| 17 | | | | | | | Kyarinseikgyi | |
| 18 | | | | | | | Putao | |
| 19 | | | | | Shwegu | | | |
| 20 | | | | | | | Thegon | |
| 21 | | | | | | | | |
| 22 | | | | | | | Shwegyin | |
| 23 | | | | | | | Kyunhla | |
| 24 | | | | | | | Ponnagyun | |
| 25 | | | | | | | Mabein | |
| 26 | | | | | | | | |
| 27 | | | | | | | | |
| 28 | | | | | | | Tongzang | |
| | | | | | 5 | 1 | 16 | |

ကျန်ရှိသော(၂၃)မြို့နယ်များမှာ VDP Integration Workshop အား (အောက်တိုဘာ ၂၀၁၈- စက်တင်ဘာ ၂၀၁၉) ဘတ်ဂျက်လအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၁၁။ သိပညာနှင့် လေ့လာသင်ယူခြင်း

| | သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု | ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင်ချက်များ |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ပဉ္စမနှစ်မြို့နယ် ၆၁ မြို့နယ် အတွက် လူထုစစ်ဆေး ၉၀၈၂ အနက် ၈၉၈၀(၉၈.၈၈%) ပြီးစီးခဲ့ပါသည်။<br>• ကာလအဆုံး၌ ဆဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၇၂၇၈ အနက်၆၃၃၉(၈၇.၆၆%) ပြီးစီးခဲ့ပါသည်။ | • ဆဌမနှစ် လူထုစစ်ဆေးပွဲများ လာမည့် သုံးလပတ် အဆုံးတွင် အပြီးသတ် လူထုစစ်ဆေးပွဲ အမြောက် အများ ပြုလုပ်ကြပါလိမ့်မည်။ |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်းလက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား မြို့နယ် အနည်းသာ စတင် ပြုလုပ် နိုင်ခဲ့ပါသည်။ အစည်း အဝေး အားလုံးသို့ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရုံးမှ အနည်းဆုံး တာဝန် ရှိသူတစ်ဦးမှ တက်ရောက် နိုင်ခဲ့ပါသည်။ **TMSRs** သည် လူထုစစ်ဆေးပွဲ ၈၀.၁၀**%** ပြီးစီးပြီးသော မြို့နယ် များတွင်သာ ကျင်းပ ပြုလုပ်နိုင်ပါသည်။ | • လာမည့်သုံးလပတ်ကာလအတွင်း မြို့နယ် အမြောက် အများ၏ **MSR** များကို ကျင်းပ ပြုလုပ်မည် ဖြစ်သည်။<br>• ပြည်နယ်/တိုင်း ရုံးခန်းများ ထပ်ပေါင်းများ ပြားလာ ခြင်းကြောင့် **UMSR** လုပ်ငန်းစဉ်တွင် တက်ရောက် သူများနှင့် အစည်းအဝေး အရေ အတွက်များကို ကိုင်တွယ်နိုင်ရန် စီမံခန့်ခွဲရေး နည်းလမ်းအသစ်များ ဖန်တီးရမည်။<br>• ပြည်ထောင်စုအဆင့် **MSR**အား သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေး ပွဲကို အောက်တိုဘာလ အတွင်း ကျင်းပမည် ဖြစ်ပါ သည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်း ပဉ္စမနှစ် ကျေးရွာဖွံ့ ဖြိုးရေး အစီအစဉ် စုစုပေါင်း ( ၁၁၅၇၂ ) ခု အနက် (၁၁၅၁၄) ပြီးမြောက်သည့်အတွက် ၉၉.၄၉**%** ပြီးမြောက်ခဲ့ပါသည်။ ဆဌမနှစ် ကျေး ရွာဖွံ့ဖြိုးရေးအစီအစဉ် စုစုပေါင်း (၉၃၆၉) ခု အနက် (၉၁၄၆) ပြီး မြောက် | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆက်လက်လုပ်ဆောင်သွားပါမည်။ |

| | | |
|---|---|---|
| | သည့်အတွက် ၉၇.၆၁% ပြီးမြောက် ခဲ့ပါ သည်။ | |

## ၁၂။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | ဝန်ထမ်း အင်အားစာရင်းအား ဇယား ဖြင့် ဖော်ပြ ထားပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေ အနေမှာ ၃၀/၉/၁၉ထိ အောက်တွင် ဖေါ်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်ထည်ဖော်ဆောင် ရွက်လျက် ရှိသော မြို့နယ်၂၀ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန် ကျန်ရှိ နေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင် သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။ နိုဝင်ဘာလ တွင် **ISM 19** ပြုလုပ်မည် ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ် ၁၆ မြို့နယ်ရှိ ဝန်ထမ်းခန့်ထား မှု အခြေအနေအချို့သော ခြွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖေါ် လုပ်ဆောင်ကြရမည်။ |

## ၁၃။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၂၈။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ **၅၄၁၉** ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား ၂ဖြင့် ဖော်ပြထားပါသည်။ လူမှုဆိုင်ရာ အကာအကွယ်နှင့် ပတ်သက်၍ အသေးစိတ်အား ဇယား- ၃ ဖြင့် ဖော်ပြထားပါသည်။

၂၉။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ဆဌမနှစ်တွင် မြို့နယ် ၆ မြို့နယ်အနက် (၄)မြို့နယ်မှာ ကျေးရွာ၏အစီစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ခနေဖြူနှင့် ဒီးမော့ဆို (၂)မြို့နယ်မှ စီမံကိန်းလုပ်ငန်းခွဲ(၃)ခုအား သဘာဝဘေး ထောက်ပံ့ငွေဖြင့် ပြုပြင်ရန် စိစစ် ဆောင်ရွက်လျက် ရှိပါသည်။ ခွဲဝေလျာထားငွေအား အောက်ပါအတိုင်း ဇယားတွင် အသေးစိတ် ကြည့်ရှု နိုင်ပါသည်-

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| 1 | Danubyu | 19,390,000 | 19,390,000 |
| 2 | Thabaund | - | - |
| 3 | Ngaputaw | - | - |
| 4 | Kyauktan | - | - |
| 5 | Demoso | 35,130,000 | 35,130,000 |
| 6 | Kyaukkyi | - | - |
| | **Total** | | **54,520,000** |

## ၁၄။ အစီရင်ခံထားသော သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ

## ၃၀။ (က) နည်းပညာပံ့ပိုးမှုအခက်အခဲများ

### ကြာအင်းဆိပ်ကြီးမြို့နယ်

ဘဏ္ဍာရေးအနေဖြင့် ကျေးရွာဖိုင်များစစ်ဆေးရာတွင် အချို့မှာသီးခြားခေါင်းစဉ် အလိုက်ပြေစာများကို မထားရှိဘဲ အားလုံးရောပြီး ဘ(၅)ချုပ်ခြင်းကြောင့် ပြန့်ကျဲကာ စစ်ဆေးခဲ့ရသော အခက်အခဲရှိသော်လည်း ပြေစာများကို ခွဲခြားကာဆောင်ရွက်လျှက်ရှိ ပါသည်။

မိုးရာသီကာလတွင် မဆောင်ရွက်နိုင်သေးသော ကျေးရွာ(၈)ရွာတွင် လယ်တောကြီး အုပ်စု၊ လယ်တောကြီးကျေးရွာမှာ လက်ရှိတွင်လည်း တံတားဆောက်ရန်အတွက် တံတားဆောက် မည့်နေရာမှာ နိုဝင်ဘာလကုန်ခန့်တွင်သာ ရေခန်းခြောက်နိုင်မည်ဟုဖြစ်ကာ ဒီဇင်ဘာလ တွင်ပြီးဆုံးနိုင်မည်ဟု (လက်ရှိ၁၀%) ကျန်(၇)ရွာမှာ ဆောင်ရွက် ပြီးစီးမည် ဖြစ်ပါသည်။

### ကော့ကရိတ်မြို့နယ်

ရုံတွင်အသုံးပြုနေသော Laptop and Desktop များတွင် antivirus softwareများ ထည့်သွင်းထားခြင်း မရှိသဖြင့် စာရင်းဇယားများ၊ မှတ်တမ်းဓါတ်ပုံများအား တစ်စု၊ တစ်ဝေးတည်းသိမ်းဆည်းရန် ပြန်လည်စုစည်းရာတွင် USB ကိုသာ အသုံးပြုရသဖြင့် Laptop and Desktop များတွင် Virus များဝင်ရောက်ပြီး Folder များပျောက်နေခြင်း။

ရုံးသုံး Laptop and Desktop များသည် Window Update Protect Key များတောင်းခံသည် စာများမကြာခဏပေါ်လာသဖြင့် Window ကျမည်ကိုစိုးရိမ်နေရခြင်း။

**ကျောက်တန်းမြို့နယ်**

ကော်မတီအဖွဲ့ဝင်များအနေဖြင့် စီမံကိန်းသဘောတရားများကို နားလည်သော်လည်း လိုက်နာဆောင်ရွက်မှု အားနည်းခြင်းကြောင့် လုပ်ငန်းများ နှောင့်နှေးခြင်း အခက်အခဲများ ကြုံတွေ့ရပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်သည် လုပ်ငန်းများအကောင်အထည်ဖော်ချိန်တွင် စတင်ရရှိသောကြောင့် ကျေးရွာများသို့ လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြီးကြပ်ရန် အချိန်ပေးနိုင်မှု အခက်အခဲရှိပါသည်။ စီမံကိန်းလုပ်ငန်းခွဲများတွင် Steel Structure ဒီဇိုင်းများပါဝင်လာပါက လက်ထောက် နည်းပညာမှူးများအနေဖြင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ရာတွင် နည်းပညာ အခက်အခဲရှိပါသဖြင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများပေးနိုင်လျှင် ပိုမိုကောင်းပါမည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

ရှားတောမြို့နယ်တွင် ကျွမ်းကျင်လုပ်သားရှားပါးခြင်းကြောင့် အချို့နေရာများတွင် နည်းပညာအပိုင်းအား ပိုမိုရှင်းလင်းပြသရပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ကျေးရွာလူထုဖြင့်လုပ်ဆောင်သောလုပ်ငန်းများထဲမှ အချို့သောလုပ်ငန်းများသည် အရည်အသွေး အလွန်အားနည်းခြင်းကြောင့် ကျွမ်းကျင်သောလုပ်သားကို ပြန်လည်ရှာဖွေပြီး လုပ်ဆောင်ဖြေရှင်းရပါသည်။ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်ရှိ နည်းပညာစည်းရုံးရေးမှူးများသည် အပြောင်းအလဲများခြင်းနှင့် လုပ်ငန်းအတွေ့အကြုံနည်းခြင်းကြောင့် လုပ်ငန်း အကောင်အထည်ဖော်သည့်အခါ အခက်အခဲများကြုံတွေ့ရပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးလမ်းပမ်းဆက်သွယ်ရေး ခက်ခဲခြင်း၊ နည်းပညာကျွမ်းကျင်သူများအားနည်းခြင်းကြောင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာ တွင် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲဖြစ်ပါက ကျွမ်းကျင်သော သူများရှာဖွေလုပ်ဆောင်ရန် အခက်အခဲကြုံတွေ့ခဲ့ရပါသည်။ စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်သည့်အခါ ခက်ခဲသော လုပ်ငန်းများသည် ကျွမ်းကျင်လုပ်သားများကို အခြားသော မြို့နယ်များမှ ခေါ်ယူလုပ်ဆောင် ရပါသည်။ များသောအားဖြင့် လှိုင်ကော်၊ ဒီးမော့ဆိုမြို့နယ်ရှိ ကျွမ်းကျင်သူများကိုသာ ခေါ်ယူလုပ်ဆောင်ရပါသည်။

**ညောင်ဦးမြို့နယ်**

**Phase out** မြို့နယ်ဖြစ်သည့်အတွက် Phase out guide-line များအချိန်မီ ပေးပို့နိုင်ခြင်း မရှိသည့်အတွက် အလုပ်ထွက်ခွင့်တင်သော ဝန်ထမ်းများမှ Form ပုံစံများလွှဲ ပြောင်းရာတွင် အခက်အခဲရှိပါသည်။ **Ecops & Supervision checklist** ပုံစံများ လျှော့ချစေချင်ပါသည်။ စီမံကိန်း

လေးနှစ်တာ ကာလအတွက် O&M Guide-line အား စနစ်တကျ ရေးဆွဲပေးရန် လိုအပ်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

ရုံးချုပ်မှ မြို့နယ်သို့ ပေးပို့ထားသော (Viewsonic ) အမျိုးအစား (Projector ) စက်မှာ (ToF#1 Training ) သင်တန်းဆောင်ရွက်နေစဉ် ကာလအတွင်း မီးအားမတည်ငြိမ်မှုကြောင့် စက်ချို့ယွင်းသွားခဲ့ပါသည်။ နေပြည်တော် (Procurement )သို့ အကြောင်းကြားပြီး ပြုပြင်ရန် နေပြည်တော် (Linn Service Center )သို့ ပေးပို့ထားပါသည်။ (Projector ) စက်အခက်အခဲကြောင့် သင်တန်းများ၊ အခမ်းအနားများ ဆောင်ရွက်သည့်အခါ နီးစပ်ရာ (CDD) မြို့ဖြစ်သည့် ရမည်းသင်းမြို့နယ်မှ ငှားရမ်းဆောင်ရွက်နေရပါသည်။

**နွားထိုးကြီးမြို့နယ်**

အချို့ကျေးရွာများတွင် ရေဆိုးထုတ်ရေလမ်းကြောင်းများမရှိ၍ ရေလမ်းကြောင်း ညှိနှိုင်းရှာဖွေဖော်ထုတ်ရမှု အခက်အခဲအနည်းငယ် ကြုံရပါသည်။

**ကြံခင်းမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ဆောင်ရွက်ရသော လုပ်ငန်းများတွင် မီးရရှိရေးလုပ်ငန်းများ များစွာပါဝင်ခြင်း၊ ၄၀၀ ဗို့အားလိုင်းဖြင့် ချိတ်ဆက်ရသော လုပ်ငန်းများ ပါဝင်သောကြောင့် EPC ၏ စီမံချက်အတိုင်း ပြုလုပ်ရသောကြောင့် တစ်ချို့ကျေးရွာများမှာ မီးကြိုးတပ်ဆင်၍ မရသေးသဖြင့် လုပ်ငန်းခွဲပြီးစီးမှုမှာ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရပါသည်။

**မင်းတုန်းမြို့နယ်**

စတုတ္ထနှစ် စက်ဝန်းဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းများ လည်ပတ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ကျေးရွာလူထုမှ ပိုမိုသိရှိနားလည်စေရန်အတွက် လည်ပတ်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးခြင်း၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ကော်မတီများအား ပြန်လည်ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ထောက် နည်းပညာမှူးများ နှုတ်ထွက်ခြင်းနှင့် မိုးများ အဆက်မပြတ် ရွာသွန်းမှု များကြောင့် ကျေးရွာများတွင် သင်တန်းပြီးစီးရမည့်အချိန်ထက် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ မင်းတုန်းမြို့နယ် အနေဖြင့် စတုတ္ထနှစ် စီမံကိန်းစက်ဝန်းသည် စက်တင်ဘာလတွင် စည်းရုံးရေးမှူးများ၏ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပါသည်။ သို့သော်လည်း ကျေးရွာများမှ သိမ်းဆည်း ရမည်ဖြစ်သော စီမံကိန်းနှင့် ပတ်သတ်သည့် စာရွက်စာတမ်းများ ပြည့်စုံမှုမရှိ သေးသောကြောင့် ဖြည့်သွင်းပြုလုပ်ရန် အတွက် လိုအပ်ခြင်း ၊ မပြီးပြတ်သေးသော လည်ပတ်ပြုပြင် ထိန်းသိမ်းရေးနှင့် ပတ်သတ်သည့် သင်တန်းများ ပံပိုးပေးရန် လိုအပ်ခြင်းတို့ကြောင့် စည်းရုံးရေးမှူးများ၏ စာချုပ်သက်တမ်းအား (၁-လ) တိုးမြှင် ချုပ်ဆိုရန် ပြည်ထောင်စုအဆင့်မှ အတည်ပြုချက်ရရှိသည့်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ကုန်သည်အထိ စီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အစီရင်ခံတင်ပြ အပ်ပါသည်။

**ပေါက်မြို့နယ်**

လက်ထောက်နည်းပညာမှူးများသည် Civil များ ဖြစ်သည့် အတွက် မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ်နိုင်မှု အားနည်း ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

Regional Infra များမှလစဉ် ပုံမှန်လာရောက်ကွင်းဆင်းပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ စီမံကိန်း ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲများအား ကွင်းဆင်း စစ်ဆေးခြင်း၊ ကျေးရွာ လူထု/ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အကြံညဏ်များပေးခြင်း၊ ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေး အကြံပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် နည်းပညာပိုင်းဆိုင်ရာများတွင် အခက်အခဲမရှိဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

စီမံကိန်းလုပ်ငန်းများဖြစ်သော RC တံတားနှင့် ကြိုးတံတားများအတွက် ကျွမ်းကျင်လုပ်သား ရှားပါးကြောင်း တင်ပြအပ်ပါသည်။

**ဂွမြို့နယ်**

မိုးရာသီတွင် လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းကြောင့် မမျှော်လင့်သော အသုံးစရိတ်များ နှင့် သယ်ယူပို့ဆောင်ခများ ပိုမိုမြင့်မားခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်းကြောင့် လုပ်ငန်းများ အချိန်မီမပြီးစီးပဲ နှောင့်နှေးမှုများ ကြုံတွေ့ခဲ့ရသည်။

**ပလက်ဝမြို့နယ်**

ကျွမ်းကျင်လုပ်သား ရှားပါးခြင်း၊ လုပ်သားရရှိမှုခက်ခဲခြင်း၊ လမ်းဖောက်လုပ်ရန် စက်ယန္တရား ရရှိမှုခက်ခဲခြင်း၊ ရာသီဥတုအခြေအနေကြောင့် အထူးသဖြင့် မြေသားလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်း၊ တစ်ချို့လုပ်ငန်းများရပ်တန့်နေရခြင်း ဝန်ထမ်းများကွင်း ဆင်းကြီးကြပ်နိုင်မှု အားနည်းခြင်း ကြောင့် လုပ်ငန်းဆောင်ရွက်ခြင်း တိုးတက်မှု အားနည်းခဲ့ပါသည်။

**လယ်ဝေးမြို့နယ်**

လျှပ်စစ်မီးလင်းရေး လုပ်ငန်းခွဲများတွင် မြို့နယ်လျှပ်စစ်မှ ၁၁ ကေဗွီအေ ဓါတ်အားလိုင်း တည်ဆောက်မှု များ ကြန့်ကြာနေသဖြင့် ၂၂၀ ကေဗွီ ဓါတ်အားလိုင်းများ မပြုလုပ်နိုင်ပဲ စောင့်ဆိုင်း နေရသည်။ စီမံကိန်းလုပ်ငန်းခွဲ ၂ ခုနှင့် အထက်ရှိသော ကျေးရွာများတွင် လုပ်ငန်းခွဲ တစ်ခုပြီး သော်လည်း ကျန်ရှိသည့် လုပ်ငန်းခွဲပြီးစီးရန် စောင့်ဆိုင်းနေရသဖြင့် လူထုစစ်ဆေးပွဲများပြုလုပ်ရန် ကျန်ရှိနေသည်။ ပေပင်ကျေးရွာတွင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ဆောက် လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန် ခက်ခဲ့သောကြောင့် လုပ်ငန်းမစတင်နိုင်ပဲ စောင့်ဆိုင်း နေရသည်။ ၄

နှစ်တာ ကာလအတွင်း ဝန်ထမ်းအပြောင်းအလဲ များခြင်း ၊ စီထောက်ကော်မတီ အပြောင်းအလဲတွင် သေချာသော တာဝန်လွှဲပြောင်းခြင်းများ မရှိသည့်ကျေးရွာများတွင် စာရွက်စာတမ်းများ ပြီးပြည့်စုံအောင် လုပ်ဆောင်ရာတွင် အခက်အခဲများကြုံတွေ့ရသည်။

## မတူပီမြို့နယ်

ရေအားလျှပ်စစ်မီးလင်းရေး။ အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဒီဇိုင်း၊ တွက်ချက်မှုများတွက်ချက် ရေးနှင့်လုပ်ငန်းကြီးကြပ်ရေး လုပ်ငန်းစဉ်အတွက် ကျွမ်းကျင်ဝန်ထမ်းများမရှိသ ဖြင့် အခက်အခဲများတွေ့ရသည်။

## တွန်းဇံမြို့နယ်

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးပါသဖြင့် နည်းပညာထောက်ပံ့မှုသင်တန်းများလိုအပ်ပါသည်။(ဥပမာ – Auto card training, Water , Electricity, Structure training) ကျေးရွာများနှင့် တွန်းဇံမြို့နယ် အတွင်း ပန်းရံကျွမ်းကျင်၊ လက်သမား ကျွမ်းကျင် ရှားပါးမှုများကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးမှုများ ရှိပါသည်။

မိုးတွင်းကာလတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နေရသည့်အတွက် ပစ္စည်းများ သယ်ယူရာတွင်ခက်ခဲ၍ လုပ်ငန်းများ ကုန်ကျစရိတ် ပိုမိုမြင့်တက်ပါသည်။ တချို့သော စီမံကိန်း လုပ်ငန်းများသည် မိုးတွင်းကာလအတွင်း ကျရောက်နေခြင်းကြောင့် လုပ်ငန်းအရည်အသွေးပြည့်မှီရန် အတွက် ပွင့်လင်းရာသီမှ စတင်အကောင်အထည်ဖော် မည်ဖြစ်သည်။ (မြေသားလမ်း၊ ပစ္စည်းသယ်ယူရန် ခက်ခဲ့သည့်ကျေးရွာ)ရေအရည်အသွေး စမ်းသပ်ရာတွင်လည်း အသုံးပြုရမည့် ဆေးများ ပြည့်စုံစွာ မရှိသည့်အတွက် စစ်ဆေးရမည့် အရေအတွက်မပြည့်စုံနိုင်ခြင်း။ ဒါရ်ခိုင်းအုပ်စု၊ ဒါရ်ခိုင်း(သစ်)ကျေးရွာ ဒုတိယနှစ်စက်ဝန်းတွင် အကောင်အထည် ဖော်ဆောင်ရွက်သည့် စက်ရေတွင်း ဆောင်ရွက်တူးဖော်ရာ (၁၇၅ပေ) (၈ နေရာအထိ) ကြိုးစားတူးဖော်သော်လည်း ရေမထွက်သဖြင့် လုပ်ငန်းကို ခေတ္တ ရပ်နားထားရပါသည်။

## ရွှေကူမြို့နယ်

ယခင်သုံးလပါတ်သည် ကျေးရွာပထမဒုတိယအကြိမ် အစည်းအဝေးများဆောင်ရွက်ရာတွင် ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းထောက်ပံ့ငွေအား (၂၆.၃.၂၀၁၉)တွင် စတင်တောင်းခံခဲ့ပါသော်လည်း (၁၃.၆.၂၀၁၉) တွင်ရရှိသဖြင့် စီမံကိန်း လုပ်ငန်းခွဲဆောင်ရွက်မည့်အချိန်သည် စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ရန် မိုးများဆက်တိုက်ရွာသွန်းခြင်း၊ ရေဝတီမြစ်ရေတိုးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ချောင်းများအတွင်းရေများနေခြင်းတို့ကြောင့် ကျေးရွာများသို့စီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ရောက်ရန်ခက်ခဲခြင်း၊ စီမံကိန်းထောက်ပံ့ငွေနောက်ကျခြင်းကြောင့် မိုးရာသီရေကြီးကာလဖြင့် တိုက်ဆိုင်ခြင်းတို့ကြောင့် နှောင့်နှေးကြန့်ကြာခဲ့ပါသည်။ (၃၀.၉.၂၀၁၉)အချိန်ထိ ကျေးရွာအုပ်စု(၃)အုပ်စုအတွက် စီမံကိန်းထောက်ပံ့ငွေရရှိခြင်း မရရှိသေးပါ။

## (ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ

### ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် Tablet (၁)လုံး စက်ချို့ယွင်းမှုအား တိုင်းဒေသကြီးစီမံကိန်း ရုံးမှတဆင့် ပေးပို့တင်ပြထားပါသည်။

### သဲကုန်းမြို့နယ်

သဲကုန်းမြို့နယ်တွင် ကျေးရွာအုပ်စုနှင့် ကျေးရွာများ အပြင်Printer & Copy (၄)လုံးတွင် Canon (LBP 214 dw) မှာ Cartridge ဈေးနှုန်းကြီးမြင့်ခြင်း ပစ္စည်းဝယ်ယူ ရရှိရန် ခက်ခဲခြင်း တို့ကြောင့် အသုံးမပြုနိုင်ဘဲ ကျန် Printer & Copy များဖြင့်သာ အသုံးပြုရသဖြင့် အခက်အခဲ ရှိပါသည်။ ထို့အပြင် File စင်များလည်းအခက်အခဲ ရှိပါသည်။ TTA/DRD (၁၁)ဦးနှင့် CFနှင့်TF(၆၃)ဦး စုစုပေါင်းဝန်ထမ်း(၇၄)ဦး ရှိပြီး ဆိုင်ကယ်စုစုပေါင်း (၆၄)စီးသာ ရှိသည့်အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ချိန် တွင်အခက်အခဲရှိပါသည်။

### ဇန်းမောက်မြို့နယ်

ဇန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသောပစ္စည်း များတွင် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများ သည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ်ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။

### ကနီမြို့နယ်

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် သုံးလပတ်အတွင်း ပစ္စည်းများ အခက်အခဲတွင် သုံးလပတ်အတွင်း MIS Modem မှာစက်ချို့ယွင်းနေပါသဖြင့် မိမိတို့၏ ကိုယ်ပိုင်ဖုန်းများဖြင့်သာ Data များအား Upload တင်ခြင်း၊ Mail ပို့ခြင်းများ ပြုလုပ်ခဲ့ ရပါသည်။(၉.၇.၂၀၁၈)ရက်နေ့ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန CDD အစည်းအဝေးခန်းမ၌ ကျင်းပသော Monday Meeting အစည်းအဝေး အမှတ်စဉ် (၁၉/ ၂၀၁၈)ဆုံးဖြတ်ချက်အရ CDD ရုံးလုပ်ငန်းသုံးInternet data amount 7GB နှင့် MIS စနစ်သုံး Internet data amount 3GB အဖြစ် ခွဲဝေသုံးစွဲနိုင်ပြီး VDP Upload လုပ်သည့် ကိစ္စရပ်များဆောင်ရွက်ရန် သီးခြားအနေဖြင့် ပူးတွဲပါ Internet data amountများ အတိုင်း သုံးစွဲ နိုင်ရန် အသိပေးခဲ့ပါသည်။ ကနီမြို့နယ်အနေဖြင့် ယခင် ကကျေးရွာပေါင်း (၁၈၈)ရွာ ရှိသည့် အတွက် VDP တစ်အုပ်လျှင် 10MB နှုန်းဖြင့်တစ်နှစ်စာ 19GB ခွင့်ပြုချက် ရရှိခဲ့ပါသည်။ ဒုတိယနှစ် စက်ဝန်း အတွက် VDP Upload တင်ရန် Data 20GB တင်တောင်းခဲ့ရာ ခွင့်ပြုချက် မရရှိခဲ့သဖြင့် မိမိတို့၏ ကိုယ်ပိုင်ငွေဖြင့်သာ VDP စာအုပ် (၂၀၀) အား Upload တင်ခြင်းများ ပြုလုပ်ခဲ့ရပါသည်။ ထို့ကြောင့် VDP Upload အတွက် လိုအပ်သလို လမ်းညွှန်မှုပြု ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

ပထမနှစ်၊ ဒုတိယနှစ် Data များရှိသော Lap Top တစ်လုံးနှင့် TL(TTA)၏ Lap Top တစ်လုံးမှာ စက်ချို့ယွင်းမှုကြောင့် ဖွင့်မရသောကြောင့် နေပြည်တော်(DRD) သို့ တင်ပြထားပြီး ဖြစ်ပါသည်။ နေပြည်တော်ရုံးချုပ်မှ IT ဆရာလာပါက ပြသပြင်ဆင်မည် ဖြစ်ပါသည်။

မိတ္တူကူးစက်မှာလည်း အသုံးများကာ မကြာခဏပျက်၍ အချိန်မှီ ပြင်ဆင်ကာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး DRD ရုံးချုပ်သို့လည်း မိတ္တူကူးစက် အသစ်တစ်လုံး တောင်းခံထားပါကြောင်း တင်ပြအပ်ပါသည်။

## လှိုင်းဘွဲ့မြို့နယ်

မြို့နယ် ကျေးလက် ဝယ်ယူရေးဌာနမှ ဆိုင်ကယ်ချိန်းပတ်ကြိုးများ မိုးတွင်းကာလ အချိန်မှီ ဝယ်ယူတပ်ဆင်ပေးနိုင်ခဲ့ခြင်းကြောင့် တောင်တက်လမ်းကျေးရွာများကို အချိန်မှီ လုပ်ငန်းပြီးစီးစေရန် သွားလာဆောင်ရွက်နိုင်ခဲ့သော်လည်း ဆိုင်ကယ် အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရန် ခက်ခဲစဲဖြစ်သည်။

## ကော့ကရိတ်မြို့နယ်

ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်မှ ကော့ကရိတ်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲတွင် အသုံးပြုနေသော Laptop and Desktop များအတွက် antivirus software များကို ဝယ်ယူခွင့်ပြုပါရန်နှင့် Window Update အတွက် IT ပညာရှင်များ၏ အကူအညီ လိုအပ်ပါသောကြောင့် IT ပညာရှင်၏အကူအညီ ပံ့ပိုးပေးပါရန် တောင်းခံအပ်ပါသည်။

## ကော့မှူးမြို့နယ်

ကော့မှူးမြို့နယ်အနေဖြင့် ကော့မှူးမြို့နယ်အနေဖြင့် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်ပစ္စည်းများသုံးစွဲရာတွင် ယခုအခါစားပွဲအံဆွဲအချို့ အပိတ်အဖွင့်မရခြင်း၊ သော့များ ပျက်စီးနေခြင်း၊ ဆိုင်ကယ်အပိုပစ္စည်း များအလွယ်တကူမရရှိခြင်း၊ အရံ ဆိုင်ကယ်များပြင်ရန် ခက်ခဲမှုများရှိခြင်း၊ မိတ္တူကူးစက်များ ပြင်ဆင်ရန် service ခေါ်ရန် ခက်ခဲမှုများရှိခြင်း၊ တို့တွေ့ကြုံ နေရပါသည်။

## ကျောက်တန်းမြို့နယ်

နေပြည်တော်သို့ပေးပို့ထားသော Tablet ( ၃ )လုံးကို အမြန်ဆုံး ပြင်ဆင်ပြီး ပြန်လည်ပေးပို့စေချင်ပါသည်။

## ကွမ်းခြံကုန်းမြို့နယ်

Tablet (၆) လုံး ပျက်စီးပျောက်ဆုံးနေပါသဖြင့် ပျက်စီးနေသော (၅) လုံးအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ပါက ပိုကောင်းပါမည်။ သို့မှသာ ဒေတာသွင်းခြင်းအား နှောင့်နှေးမှု မရှိမှာဖြစ်ပါသည်။ စီမံကိန်းစက်ဝန်းပြီးစီးသည်မှာ (၃) နှစ် ရှိပြီဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန်

နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် Sector တစ်ခုအတွက် အနည်းဆုံး တစ်လုံး ခန့်လိုအပ်ပါသည်။ (Finance, M & E, Procurement Sector များအတွက်)

**တနင်္သာရီတိုင်းဒေသကြီး**

စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခွဲဝေချထားပေးသော Tablet တစ်လုံးနှင့် Handset တစ်လုံးပြုပြင်ရန်ပေးပို့ထားပြီး Handset မှာပြန်လည်ရရှိပြီး ဖြစ်သော်လည်း Tablet တစ်လုံးမှာ ယနေ့အချိန်ထိ မရရှိသေးခြင်း။

**တနင်္သာရီမြို့နယ်**

တနင်္သာရီမြို့နယ်သည် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိပြီဖြစ်၍ စီမံကိန်းမှပံ့ပိုး ထားသော ရုံးသုံးစက်ပစ္စည်းများမှာ ပျက်စီးမှုများပြားခြင်း၊ စီမံကိန်းသုံး မော်တော် ဆိုင်ကယ်များမှာလည်း ပျက်စီးမှုများပြားခြင်းကြောင့် ပြုပြင်စရိတ်များကုန်ကျမှုများပြားပါသည်။ လူထုဗဟိုပြုစီမံကိန်းသုံးTablet (၃၇)လုံးရှိသည့်အနက် အသုံးမပြုနိုင်သော Tablet (၁၀)လုံးရှိပါသည်။ အဆိုပါပျက်စီးနေသည့် Tablet (၁၀)လုံးအနက် (၁)လုံးအား ရုံးချုပ်သို့ ပေးပို့ထားပါသည်။

တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသုံး Laptop(၆)လုံးရှိသည့်အနက် (၁)လုံးအား ပြင်ဆင်ရန် ရုံးချုပ်သို့ပေးပို့ထားပြီး လက်ရှိ (၂)လုံးမှာ ပါဝါဖွင့်မရခြင်း၊ လိုင်စင်သက်တမ်း ကုန်ဆုံးခြင်း၊ တို့ဖြစ်ပေါ်နေသဖြင့် အသုံးပြုနေသော Laptop (၃) လုံးကိုသာ မျှဝေ သုံးစွဲနေရသည့် အတွက် အလုပ်တာဝန်များအား အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာ လျက်ရှိပါသည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

ရှားတောမြို့နယ်တွင် သစ်များရှားပါးခြင်း၊ သဲ၊ ကျောက်များရှားပါးခြင်း၊ ဘိလပ်မြေများနှင့် အခြားပစ္စည်းများသယ်ယူစရိတ်မြင့်တက်မှုများကြုံတွေ့ရပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ရုံးတွင်း Copierများမှာ(၄)နှစ်သက်တမ်းရှိသောကြောင့် မကြာခဏပျက်ခြင်းနှင့် ကြုံရသည်။ ရုံးတွင်ထိန်းသိမ်းထားရမည့်မှတ်တမ်းများကိုသာကူးယူနိုင်သည်။ ကျေးရွာတွင် ထိန်းသိမ်းထားရမည့် မှတ်တမ်းများကိုပြင်ပမိတ္တူဆိုင်တွင် ကူးရသည်။ စီမံကိန်း မော်တော်ယာဉ်များ မှာလည်း (၄)နှစ်တာ အသုံးပြုထားသောကြောင့် ပျက်စီးမှုများပြားသည်။ မကြာခဏ ပြင်ဆင်ရသည်။ Phase out Township များအနေဖြင့် (၈) နှစ်တာသိမ်းဆည်းရမည့် မှတ်တမ်း Files ကို ထားရှိရမည့်ဘီရို၊ စင်များလုံလောက်မှုမရှိသဖြင့် မှတ်တမ်းများအား ထိန်းသိမ်း စစ်ဆေးရန် ခက်ခဲသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်သည် စီမံကိန်းနောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် စာရင်ဇယားများ စနစ်တကျသိမ်းဆည်းနိုင်ရန် ဗိုင်စင်(၃)ခုလိုအပ်နေပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲအတွက်DT ဆိုင်ကယ် (၁၀)စီးလက်ခံရရှိခဲ့ပါသည်။ သို့သော်လက်ရှိအချိန်တွင် ၎င်းဆိုင်ကယ် အကြီး(၂)စီးသည် ပျက်စီးပြီး ပြန်လည်ပြင်ဆင်ရန်ကြိုးစားသော်လည်း အပိုပစ္စည်းများ မရှိခြင်းကြောင့် အခက်အခဲ ကြုံတွေ့ရပါသည်။ TVS ဆိုင်ကယ်များသည် အင်ဂျင်ပါဝါ ၁၁၀သာရှိသောကြောင့် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသသို့ကွင်းဆင်သွားသည့်အခါ တောင်မတက်နိုင်ခြင်းများနှင့် ကြုံတွေ့နေရပါသည်။

TVS ဆိုင်ကယ်များပြင်ဆင်ရာတွင် ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်များတွင် အပိုပစ္စည်းမရှိခြင်း၊ လွိုင်ကော်မြို့သို့သာ သွားရောက်ပြင်ဆင်ရခြင်း။ စီမံကိန်းမှ ပံ့ပိုးပေးသော ပစ္စည်းများသည် လုပ်ငန်းများအကောင်အထည်ဖော်ရန်အတွက် လုံလောက်မှုရှိပါသည်။

**ပေါင်မြို့နယ်**

Desktop Computer များVirus ဝင်နေပြီး သုံးမရဖြစ်နေပါသည်။ နေပြည်တော်သို့ ပို့ရန်စီစဉ်နေပါသည်။ Tablet များပျက်စီးမှုများပြားခြင်း စီမံကိန်းမော်တော်ဆိုင်ကယ်များနှင့် မိတ္တူကူးစက်များအတွက် ဆက်စပ်ပစ္စည်းရရှိရန် ခက်ခဲလျက်ရှိပါသည်။ Honda 125 မော်တော် ဆိုင်ကယ်များအတွက် ဆက်စပ်ပစစည်းဝယ်ရန်ခက်ခဲ။ Computer များ window Activate လုပ်ရန်လိုအပ်၊ Samsung မိတ္တူကူးစက် Cartidge Toner များ ဈေးနှုန်းကြီးမြင့်ခြင်း၊ Tablet (၁၁)လုံး ပျက်စီးမှုရှိခြင်းကြောင့် M&E (MIS) Data များ update ရရှိရန်အတွက်နှောင့်နှေးမှု အခက်အခဲရှိခြင်းများရှိပါသည်။

**ငါန်းဇွန်မြို့နယ်**

မိတ္တူစက်နှင့် Printer စက်များအတွက် Cartridge များဝယ်ယူရာတွင် ငါန်းဇွန်မြို့နယ်တွင် ဝယ်ယူရန်မရ၍ မန္တလေးမြို့သို့သွားရောက် ဝယ်ယူရပါသည်။

**ညောင်ဦးမြို့နယ်**

Sharp Copier စက်လည်း ပြန်လည်ပြင်ဆင်ရန် လိုအပ်လျက်ရှိပါသည်။ Color printer (Canon ix 6870 )သည် ဆေးဝယ်ရန်ခက်ခဲခြင်း၊ ဝယ်ယူ၍ ရသော်လည်း ဈေးကြီးခြင်းကြောင့် အသုံးပြုခြင်းမရှိပါ။ Tablet(၁၄)လုံး ပျက်စီးမှုများကိုလည်း ဝယ်ယူရေးဌာနစိတ်(ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါသည်။

**နေပြည်တော်**

စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ဒေသအတွင်း သဲ၊ ကျောက် ဝယ်ယူရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။ ဒေသအတွင်း သုံးစွဲနေသော သဲ၊ ကျောက်များ၏ ကျင်းတွက်ပုံ တွက်နည်းများနှင့် အင်ဂျင်နီယာစံနှုန်းများမှ သတ်မှတ်ထားသော စံနှုန်းနှင့်မတူညီသည့်အတွက် ကျေးရွာကော်မတီဝင်များ နှင့် သက်ဆိုင်ရာကျေးရွာအဆိုင်း လက်ထောက်နည်းပညာမှူးများမှ အမှန် ကုန်ကျငွေ တွက်ချက်ရာတွင် စာရင်းကွာပါသည်။

**အင်ပူမြို့နယ်**

ဆိုင်ကယ်ပျက်စီးမှုများတွင် လိုအပ်သည့်ပစ္စည်းများအား အချိန်မီမရရှိသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။

**ကြံခင်းမြို့နယ်**

စီမံကိန်းလုပ်ငန်းများ တပြိုင်တည်း အကောင်အထည်ဖော်သောကြောင့် အချို့ပစ္စည်းများ ပြတ်လပ်သွားသဖြင့် လုပ်ငန်းများနှောင့်နှေးခြင်း ဖြစ်ပေါ်ခဲ့ပါသည်။

**မင်းတုန်းမြို့နယ်**

စီမံကိန်း နောက်ဆုံးနှစ်ဖြစ်သည့်အတွက် လျှပ်စစ်ပစ္စည်းများ ပျက်စီးမှု များပြားခြင်းနှင့် မကြာခဏ ပြုပြင်နေရခြင်းများ ရှိနေပါသည်။

**ဆောမြို့နယ်**

Honda (125) အတွက် အပိုပစ္စည်းများရှားပါးပါကြောင်း၊ Honda (125) ပျက်လျှင် ဆောမြို့နယ်၌ ပြင်ဆင်ရန်ခက်ခဲပါကြောင်း၊ Cannon (214) Printer အတွက် Catridge အပိုပစ္စည်း ဝယ်ယူ၍ ခက်ခဲပါကြောင်း တင်ပြအပ်ပါသည်။

**ဝွမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ တပြိုင်နက် စတင်ခဲ့သောကြောင့် လုပ်ငန်းသုံးပစ္စည်းများ ဈေးတက်ခြင်း၊ လိုအပ်သော လုပ်ငန်းအထောက်အကူပြု စက်ကရိယာများ ရှားပါးခြင်းများ ကြုံတွေ့ခဲ့ရပြီး တရွာပြီးမှတရွာ အလုပ်လုပ်ရသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ သတ်မှတ်ချိန်တွင် မပြီးစီးနိုင်ခဲ့ပါ။

**ပလက်ဝမြို့နယ်**

မိုးရာသီကာလများဖြစ်သောကြောင့် မြစ်ရေကြီးမှုများ ဖြစ်ပွားကာ စီမံကိန်းလုပ်ငန်း ဖော်ဆောင် စဉ်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စရိတ်ကြီးမားခြင်း၊ သယ်ယူရာ တွင်ခက်ခဲခြင်း။

### လယ်ဝေးမြို့နယ်

စီမံကိန်း စတုတ္ထနှစ် စက်ဝန်းဖြစ်သည့်အတွက် ၄ နှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်းများ ပြည့်စုံမှုရှိစေရန် မိတ္တူကူးယူရသည့်အတွက် **A4** စာရွက် နှင့် မိတ္တူကူးစက် အသုံးပြုသူများ များပြားခြင်းကြောင့် စက်ပျက်သည့်အခါတွင် ကျွမ်းကျင်ပညာရှင်ခေါ်ယူပြုပြင်ရာတွင် စောင့်ဆိုင်းရခြင်း၊ အပိုပစ္စည်း ဝယ်ယူရန် စောင့်ဆိုင်းရခြင်းတို့ကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။

### ပျဉ်းမနားမြို့နယ်

ရုံသုံး**Colour Printer ESPSON 1800** မှာမကြာခဏချို့ယွင်းမှုများရှိနေပါသည်။ မြို့နယ်တွင် ရွာဖိုင် များထားရှိရန် ဗီဒိုအခက်အခဲရှိပါသည်။

### ချင်းပြည်နယ်

လုပ်ငန်းသုံးယာဉ်၊စက်များ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လမ်းခရီး ကြမ်းတမ်းခြင်းများကြောင့်ရုံးသုံး မော်တော်ယာဉ် ပြုပြင်ရန်အကြိမ်ရေများခြင်း၊ အပိုပစ္စည်းများလိုသလို အချိန်မီမရရှိနိုင်ခြင်း၊ ကျွမ်းကျင်စက်ပြင်များမရှိခြင်း ကြောင့်လုပ်ငန်းသုံးယာဉ်၊ စက်ပစ္စည်းများပျက်စီးမှုကို အချိန်မီပြုပြင်နိုင်ခြင်း မရှိပါ။

### မတူပီမြို့နယ်

ကျေးရွာလုပ်ငန်းခွဲများအတွက်ဒေသတွင် မရရှိနိုင်သည့် ပစ္စည်းများ သယ်ယူစရိတ် ကြီးမြင့်ခြင်းနှင့်ခက်ခဲခြင်းတို့ကြောင့်လုပ်ငန်း ၏ရလဒ်များ ထိုက်သင့်သလို ကောင်းမွန်လုပမှုမရှိခဲ့ပါ။ လုပ်ငန်းသုံးယာဉ်၊စက်များ။ အပိုပစ္စည်းများ လိုသလိုအချိန်မီမရရှိနိုင်ခြင်း၊ ကျွမ်းကျင် စက်ပြင်များမရှိခြင်းကြောင့် လုပ်ငန်းသုံးယာဉ်၊ စက်ပစ္စည်းများပျက်စီးမှုကို အချိန်မီပြုပြင်နိုင်ခြင်းမရှိသဖြင့် အချို့လုပ်ငန်းစဉ်များနောက်ကျရခြင်းများ ရှိပါသည်။

### တွန်းဇံမြို့နယ်

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲ ရှိပါသည်။ Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲရှိပါသည်။ နေပြည်တော် Procurement Team တို့ Tablet Huawei (၂)လုံး ပေးပို့ထားပါသည်။

### မိုးကောင်းမြို့နယ်

CDD မိတ္တူကူးစက် (Samsung Copier) မှာ ပျက်နေသဖြင့် လုပ်ငန်းဆောင်ရွက် ရာတွင် အခက်အခဲရှိပါသည်။ အပြင်ဆိုင်တွင် ဈေးကြီးပေးပြီး မိတ္တူကူးရပါသည်။ Samsung Printer စက်လည်း Print Out ပြုလုပ်၍မရရှိနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

### ရွှေကူမြို့နယ်

စီမံကိန်းလုပ်ငန်းခွဲများအား ကွင်းဆင်းစစ်ဆေးရာတွင် စီမံကိန်းဆိုင်ကယ်(TVS) ဆိုင်ကယ် တာယာများသည် ပွိုင့်တာယာများမဟုတ်ခြင်းကြောင့် ရွံ့ဗွက်များရှန်းရာတွင် ခရီးမတွင်ခြင်းများ ဖြစ်ပါသည်။ Color Printer (၁)လုံးထပ်မံ ထောက်ပံ့ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စာအုပ် ထုပ်ခြင်း၊ ခန့်မှန်းကုန်ကျစရိတ်များဆောင်ရွက်ခြင်းတို့တွင် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါ သည်။

## (ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ

### ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်တွင် မုန်းဒေသရှိ ကျေးရွာအုပ်စု(၇)အုပ်စု၊ ကျေးရွာ (၃၇)ရွာမှာ စီမံကိန်း (၁) နှစ်နောက်ကျ၍ ဆောင်ရွက်ခဲ့ရသောကြောင့် စီမံကိန်းတစ်နှစ်ဆောင်ရွက်ရန် ကျန်ရှိနေပါ သောကြောင့် (စတုတ္ထနှစ်)စက်ဝန်းအား ဆက်လက်ဆောင်ရွက်ရန် လူထုစည်းရုံးရေးမှူး(၅)ဦးနှင့် လက်ထောက် နည်းပညာမှူး(၃)ဦးအား စာချုပ်သက်တမ်း(၁)နှစ် တိုးမြှင့်ခန့်ထားပေးပါရန် ကျေးလက်ဦးစီး(ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါသည်။

### ဇန်းမောက်မြို့နယ်

လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ လ (၃၀) ရက်နေ့တွင် စာချုပ်သက်တမ်း ကုန်းဆုံးသွားပြီဖြစ်ပြီး လစ်လပ်နေသော ဝန်ထမ်းများ နေရာတွင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ပြီးဖြစ်ပါသဖြင့် အားလုံးကိုပြန်လည်၍ စာချုပ်ချုပ်ဆိုခန့်အပ်ခြင်းကို မပြုလုပ်တော့ဘဲ လူထုစည်းရုံးရေးမှူး(၅)ဦးနှင့် လက်ထောက်နည်း ပညာမှူး(၅)ဦးတို့ကိုသာ လုပ်ငန်းလိုအပ်ချက်(၂)အရ (၁.၁၀.၂၀၁၉ မှ ၃၀.၁၁.၂၀၁၉) ရက်နေ့ထိ ထပ်မံငှားရမ်းခဲ့ပါသည်။

### ကြာအင်းဆိပ်ကြီးမြို့နယ်

CFS,TFs ဝန်ထမ်းများအနေဖြင့် စက်တင်ဘာလတွင် Contract ပြီးဆုံးသွားသော်လည်း DRD ရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ပြန်လည်ခန့်ထားရန် နိုဝင်ဘာလအထိ သက်တမ်းတိုးကာ ဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာအကြံပေးအဖွဲ့များအနေဖြင့် (TTA) နိုဝင်ဘာလတွင် စာချုပ်ကုန်ဆုံးမည်ဖြစ်ကာ တတိယနှစ်ဆောင်ရွက်မည့် (၃)အုပ်စုအတွက် ခန့်ထားပေးနိုင်ပါရန်လည်း တင်ပြတောင်း ဆိုထား ပါသည်။

### လှိုင်းဘွဲ့မြို့နယ်

ဝန်ထမ်းအချို့မှာ အလုပ်မှ ထွက်စဉ် လွှဲပြောင်းပေးခြင်းလုပ်ငန်းပိုင်းတွင် တာဝန်ပျက် ကွက်မှု များရှိခြင်းကြောင့် ထိုဝန်ထမ်းအား အရေးယူဆောင်ရွက်ရသော ကာလရှည်ခြင်း၊ အိမ်တိုင် ရာရောက်

လိုက်လံဖြေရှင်းရခြင်းတို့ကြောင့် အချိန်ပိုပေးရခြင်းကြောင့် လုပ်ငန်း ကြီးကြပ်မှုပိုင်းတွင် အနည်းငယ် အနှောက်အယှက်ဖြစ်ရပါသည်။

**ကော့မှူးမြို့နယ်**

Procurement Counterpart and Procurement Officer လစ်လပ်လျှက်ရှိခြင်း၊ TF –၅ ဦးနှင့် CF – ၅ ဦး လစ်လပ်လျှက်ရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်သည့် အတွက် လစ်လပ်နေသော နေရာများတွင် အစားထိုးဝင်ရောက်လုပ်ကိုင်ရန် အခက်အခဲရှိခြင်း၊ Procurement လစ်လပ်နေသည့်အတွက် ဝယ်ယူရေးလုပ်ငန်းများစစ်ဆေးရာတွင် အခက်အခဲရှိခြင်း။

**ကျောက်တန်းမြို့နယ်**

ယခုလက်ရှိအခြေအနေတွင် လူထုဗဟိုပြုစီမံကိန်းအတွက် DRD ဝန်ထမ်းများ၊ မြို့နယ် အကြံပေးဝန်ထမ်းများနှင့် လူထုစည်းရုံးရေးမှူးများ၏ ဝန်ထမ်းအင်အားအပြည့်အဝ ရှိပါသည်။ လက်ထောက်နည်းပညာမှူးတစ်ဦးသည် မိသားစုကိစ္စကြောင့် အလုပ်မှ နုတ်ထွက်ခဲ့ပါသည်။ စတုတ္ထနှစ်စီမံကိန်းစက်ဝန်းကို စတင်အကောင် အထည်ဖော် ဆောင်ရွက်လျှက် ရှိသောကြောင့် လစ်လပ်နေသော လက်ထောက်နည်းပညာမှူး တစ်ဦးအား အမြန်ဆုံး ခန့်ထားပေးပါရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

တတိယနှစ်စက်ဝန်း လုပ်ငန်းအကောင်အထည်ဖော်ချိန်တွင် ဝယ်ယူရေးနည်းပညာ အကြံပေးအရာရှိ မရှိပဲ DRD Counterpart တစ်ဦးတည်းသာ ဆောင်ရွက်နေရပြီး ဌာနလုပ်ငန်းများလည်း တွဲ၍ ဆောင်ရွက်နေရသောကြောင့် အခက်အခဲရှိခြင်း။ တတိယနှစ်စက်ဝန်းတွင် ဝန်ထမ်းများ နှုတ်ထွက်မှုများလာပြီး အချိန်မှီပြန်လည် အစားထိုးရန် အခက်အခဲရှိသောကြောင့် လုပ်ငန်းများ နှောင့်နှေးခြင်း။ အထူးသဖြင့် လက်ထောက်နည်းပညာမှူးများအတွက် အတွေ့အကြုံရှိဝန်ထမ်းရရှိရန် ခက်ခဲခြင်း။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

လူထုစည်းရုံးရေးမှူးများ၊ နည်းပညာစည်းရုံးရေးမှူးများနှင့် ကျေးလက်ဝန်ထမ်း Counterpart များသည် အပြောင်းအလဲများခြင်းကြောင့် စီမံကိန်းအကောင် အထည်ဖော်မှုတွင် အနည်းငယ် အားနည်းစေပါသည်။ အကြောင်းမှာ အထူးသဖြင့် နည်းပညာစည်းရုံးရေးမှူးများသည် အတွေ့အကြုံရပြီး စီမံကိန်းလုပ်ငန်းခွဲများကို ကောင်းစွာဦးဆောင် အကောင်အထည်ဖော်နိုင်သည့် အချိန်တွင် အလုပ်မှရပ်နားပြီး အသစ်ထပ်မံခေါ်ယူသောဝန်ထမ်းသည် တွေ့အကြုံ မရှိခြင်းကြောင်း စီမံကိန်း အကြောင်းကို အသစ်မှတဆင့်ပြန်စရသောကြောင့် လုပ်ငန်းကို အခက် အခဲဖြစ်စေပါသည်။

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးအလွန်ဝေးကွာပြီး ရာသီဥတုပူ ပြင်းပြီး ဒေသအခြေအနေခက်ခဲသောကြောင့် အတွေ့အကြုံရှိသောဝန်ထမ်းများသည်လည်း မိမိတို့ မြို့နယ်သို့ အလုပ်များလာရောက်လုပ်ကိုင်လိုစိတ် မရှိသည်ကိုတွေ့ရှိရပါသည်။ လက်ရှိတွင်လည်း လူထုစည်းရုံးရေးမှူး(၂)ဦးနှင့် နည်းပညာစည်းရုံးရေးမှူး(၂)ဦး အလုပ်မှ ထပ်မံထွက်ခဲ့ရပြီး ၎င်းတို့အစား ပြန်လည်

ခေါ်ယူသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်ပြီး ဖြစ်ပါသည်။ လာမည့် အောက်တိုဘာလ၊ ပထမ အပတ် အတွင်း ဝန်ထမ်းများအားလုံးရရှိမည်ကိုလည်း မျှော်မှန်းထားပါသည်။

### ညောင်ဦးမြို့နယ်

ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်အထိ CF/TF များ သက်တမ်း ပြည့်ပြီး ဖြစ်သော်လည်း စာရင်းဇယားများစုံလင်စွာ ထားရှိနိုင်ရန် (၁)လသက်တမ်းတိုး၍ ဆောင်ရွက်ထားရှိ လျက်ရှိပါသည်။

### ရမည်းသင်းမြို့နယ်

**Finance Officer (TTA)** အစားထိုးခန့်အပ်မှု နှောင့်နှေးနေပါ သည်။ **TF**လစ်လပ်မှုရှိပြီး အစား ထိုးခန့်အပ်မှုများ ဆောင်ရွက်နေရပါသည်။

### အင်္ဂပူမြို့နယ်

ဝန်ထမ်းအင်အားတွင် စီမံကိန်းလုပ်ငန်းခွဲများ များပြားသည့်အတွက် မြို့နယ် Infra Counterpart တစ်ဦးတည်းသာရှိသည့်အတွက် အခက်အခဲရှိကြောင်း Infra Counterpart တစ်ဦး လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

### ပလက်ဝမြို့နယ်

စစ်ပွဲကြောင့် ဒေသတည်ငြိမ်မှုနည်းပါးလာကာ ဝန်ထမ်းတည်ငြိမ်မှု နည်းပါးနေပါသည်။ အထူး သဖြင့်ပြည်မဘက်မှ လာရောက်တာဝန်ထမ်းဆောင်နေကြသော လက်ထောက် နည်းပညာမှူးများ မှာ အလုပ်မှနုတ်ထွက်မှုပိုများလာနေပါသည်။ ဒေသခံလူထုစည်းရုံးရေးမှူးများမှာလည်း တစ်ခြားစီမံ ကိန်းများတွင် ဝင်ရောက် လုပ်ကိုင် ခြင်းကြောင့် လူထုစည်းရုံးရေးမှူးများလည်း အလုပ်မှတွက်နှုန်း များပြားလာနေပါသည်။ အစီရင်ခံစဉ်ကာလအတွင်း  လက်ထောက်နည်းပညာမှူး(၂၃)ဦးနှင့် လူထု စည်းရုံးရေးမှူး (၄၈) ဦးတို့ဖြင့်စီမံကိန်းလုပ်ငန်းခွဲပေါင်း(၁၆၆) ခုကို အကောင်အထည်ဖော် ဆောင် ရွက်နေပါသည်။

ဇူလိုင်လမှ စက်တင်ဘာလအတွင်း လူထုစည်းရုံးရေးမှူး (၁၄) ဦးနှင့် လက်ထောက်နည်း ပညာမှူး(၁၀)ဦး  စုစုပေါင်း(၂၄)ဦးနှုတ်ထွက်ခဲ့ပါသည်။  ဝန်ထမ်းများအလုပ်မှနှုတ်ထွက်မှုများကို သက်ဆိုင်ရာ **Cluster Leader** များကို ကြိုတင်အသိပေးရန်လိုအပ်ပါသည်။ စီမံကိန်း ပိတ်သိမ်းမည့် နှစ်ဖြစ်သောကြောင့် သက်ဆိုင်ရာ **TF, CF**  ဝန်ထမ်းများ နှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ စာရွက်စာတမ်းများ ပြည့်စုံမှုရှိမရှိ စိစစ်မှု လုပ်ဆောင်ပေးသင့်ပါသည်။

**လယ်ဝေးမြို့နယ်**

စီမံကိန်းကာလပြီးဆုံးမည့်အချိန်နီးကပ်လာသည်နှင့်အမျှ CF, TF များ အလုပ်အကိုင် အခွင့်လမ်းများ ရှာဖွေလာသည့်အတွက် စီမံကိန်းမှထွက်ခွာသည့် CF ၆ဦး နှင့် TF ၃ ဦးထွက်ခွာသွားပြီး လစ်လပ်နေရာများအား ကျန်ရှိသည့် ဝန်ထမ်းများနှင့် ပူးတွဲတာဝန်ချထားပေးထားပြီးဖြစ်ပါသည်။

**ပျဉ်းမနားမြို့နယ်**

TTA CSAG သည်စာချုပ်သက်တမ်းပြည့်ပြီးဖြစ်သည့်အတွက် နုတ်ထွက်ခဲ့ပြီး၊ အစားထိုးခန့်အပ်နိုင်ရေးအား အောက်တိုဘာလကုန်တွင် ခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

**ပုတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ မိခင်ဌာနလုပ်ငန်းများရှိနေ၍ စီမံကိန်းတွင် အချိန်ပေးနိုင်မှု နည်းပါးလျှက်ရှိပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူးတစ်ဦးလျင် စီမံကိန်းလုပ်ငန်းခွဲ(၂၀) ကျော်ဆောင်ရွက်နေရခြင်းကြောင့် Estimate တွက်ခြင်း၊ Infra file ပြုလုပ်ခြင်း၊ RE ပြန်လည်တွက်ချက်ခြင်းလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ လက်ထောက်နည်းပညာမှူး(တစ်)ဦး ထပ်မံခန့် ထားပေးနိုင်ပါက လုပ်ငန်းများ အချိန်မှီပြီးစီးနိုင်မည်ဖြစ်ပါသည်။

**မိုးကောင်းမြို့နယ်**

DRD Counterpart CSAG မှာ တနိုင်းမြို့နယ်ကျေးလက်ရုံးသို့ မေလတွင် ပြောင်းရွှေ့ သွားပါသဖြင့် ၄င်းနေရာတွင် ပြန်လည်ခန့်ထားခြင်းမရှိသေးပါသဖြင့် အနည်းငယ် အခက်အခဲရှိပါသည်။

**(ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် ကျေးရွာအချို့သည် ဒေသတွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဝင်ထွက် (အုပ်စုတွင်း ကျေးရွာစုစုပေါင်း ၉ရွာ)သည် KNU သွားလာမှု ရှိခြင်းတို့ကြောင့် ၄င်းတို့အနေဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကို သိရှိလိုကြောင်း ကျေးရွာများမှတဆင့် သိရှိရသဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်း ဆွေးနွေးရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ကြာအင်းဆိပ်ကြီးမြို့နယ်အနေဖြင့် KNU အုပ်ချုပ်မှုလက်အောက်ရှိ ခွာပေးအုပ်စု (၁)အုပ်စုရှိ ကျေးရွာ(၁၀)ရွာနှင့် NMSP အုပ်ချုပ်မှုအောက်ရှိ ပြောင်မထိန်အုပ်စု (၁)အုပ်စုရှိ (၁၁)ရွာမှာ

လက်ရှိတွင် ခွင့်ပြုချက်မရရှိ၍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသေးပါ။

## လွိုင်းဘွဲမြို့နယ်

ဒုတိယနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခွင့်ပြုခဲ့သော ရေတံခွန်အုပ်စုကို ယခုလ ၁ ရက်နေ့ကွင်းဆင်းရာတွင် KNU အဖွဲ့မှ CDD project ကိုဝင်ခွင့်မပေးနိုင်ကြောင်း ကျေးရွာအုပ်စုစာရေးမှ တဆင့် တားစီးခြင်းကြုံခဲ့ရပါသည်။ ထိုကျေးရွာအုပ်စုတွင် ပထမ၊ ဒုတိယ၊ အုပ်စုအစည်းအဝေးများ များဆောင်ရွက်ခြင်း၊ အုပ်စုဘဏ်စာရင်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခြင်းပြီးဖြစ်သည်။ KNU ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး သွားရန် မြို့နယ်ဦးစီးမှ ချိတ်ဆက်နေပြီဖြစ်သည်။

## လွိုင်ကော်+ရှားတောမြို့နယ်

စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်နေစဉ်အတွင်း လစဉ်ကရင်နီတိုးတက်ရေးအဖွဲ့(KNPP) သို့ မိမိဆောင်ရွက်မည့်လုပ်ငန်း၊ ကျေးရွာများ၏ စာရင်းအား အစီအစဉ်ရေးဆွဲတင်ပြ ရပါသည်။

## ဖရူဆိုမြို့နယ်

KNPP၏ဝင်ခွင့်ခွင့်ပြုမိန့်များအား သိုသီးဖိုရောဒေါခေါ၊ ကေကောကျေးရွာအုပ်စု (၃)အုပ်စုမှ (၄.၂.၂၀၁၉)ရက်နေ့တွင် လည်းကောင်း၊ တော်ခူနှင့်ဒိုးလာစောကျေးရွာ အုပ်စု(၂)အုပ်စုမှ (၈.၃.၂၀၁၉) ရက်နေ့တွင်လည်းကောင်း ရရှိခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်လတစ်ကြိမ်ပုံမှန်ခွင့်ပြုမိန့် တောင်းခံနေရသဖြင့် အလုံးစုံစိတ်ချရမှုမရှိပဲ လုံခြုံရေးအခြေအနေမှာ ကန့်သတ်နယ်မြေအဖြစ် အချိန်မရွေးပြောင်းလဲသွားနိုင်သည့် အနေအထားတွင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခက်ခဲသောဒေသဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများလည်း ပေါင်းစုံရှိပါသည်။ ထိုနည်းတူ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များထိန်းချုပ်ထားသည့်ဒေသများရှိပါသည်။ ထို့ကြောင့် စီမံကိန်းဝန်ထမ်းများသည် လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့် ကျေးရွာများသို့ ကွင်းဆင်းလိုလျှင် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများထံသို့ ခွင့်ပြုစာတောင်းပြီး ခွင့်ပြုမှသာ သွားရောက်ဆောင်ရွက်ရပါသည်။

ကယားပြည်နယ်၏ လက်ရှိဒေသငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်သော တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)နှင့် မြန်မာနိုင်ငံ အစိုးရတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်တွင်သာ ရှိနေသေးသောကြောင့် ဝန်ထမ်းများ ကွင်းဆင်းရာတွင် လုံခြုံရေးအတွက် အာမခံချက်မရှိပါ။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ

စာချုပ်ကိုလည်း လက်မှတ်မထိုးသေးသောကြောင့် ဝန်ထမ်းများသည်ကွင်းဆင်းလိုသည့် အချိန်တိုင်း ကွင်းဆင်း၍မရနိုင်ပါ။

## ရမည်းသင်းမြို့နယ်

လူပြတ်သော လမ်းများတွင် လုယက်မှုများ ရှိပါသည်။ ညနေပိုင်းမှလူထုစစ်ဆေးပွဲ အချိန်ပေးသော ကျေးရွာများတွင် ဝန်ထမ်းများစုပြီး သွားရောက်ဆောင်ရွက်ခဲ့ပါသည်။

## ပျော်ဘွယ်မြို့နယ်

ဝန်ထမ်းများအား အလှမ်းဝေးသောကျေးရွာများသို့ သွားလာ ရာတွင် တစ်ဦး တစ်ယောက်ထဲ မသွားရန်နှင့်တာဝန်ကျ ဝန်ထမ်း(၂)ဦးအတူ သွားလာလုပ်ကိုင်ကြရန် အစည်းအဝေးများတွင် အသိပေး ဆောင်ရွက်ထားပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းနှင့် မြို့နယ်၏မြောက်ပိုင်း ရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်တော်မြို့နယ်များနှင့် ထိစပ်နေရာဒေသများတွင် တိုက်ပွဲဖြစ်ပွားမှုများ ရှိနေသဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးသို့ သွားရောက်အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။

မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီမှ ကျေးရွာအုပ်စု(၆၈)၊ ကျေးရွာ(၁၀၇)ခု၏ စီမံကိန်းလုပ်ငန်းခွဲ(၁၁၁)ခုကို အတည်ပြုပြီးသော်လည်း အစီရင်ခံသည့် ကာလအတွင်း နေမြေလုံခြုံမှုအရ ကျေးရွာအုပ်စု(၃၂)ခု၏ ကျေးရွာ(၅၀)တွင် စီမံကိန်း လုပ်ငန်းခွဲ (၅၁)ခုကိုသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

## ပလက်ဝမြို့နယ်

အောက်ကုလားတန်ဒေသများတွင် စစ်ပွဲများ မကြာခဏဖြစ် ပွားလျှက်ရှိ နေဆဲဖြစ်သည်။ ကုလားတန်မြစ်အထက်ပိုင်းဒေသနှင့် သံထောင်ဒေသများတွင် စစ်ပွဲဖြစ်ပွားမှုနည်းပါးလာသည့်အတွက် ကျေးရွာများအနေဖြင့် ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိ နေသော စီမံကိန်းလုပ်ငန်းခွဲများကို ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်လိုကြောင်း တင်ပြလာမှုများရှိနေပါသည်။ လက်ရှိကျန်ရှိနေသော လက်ထောက်နည်းပညာမှူး (၁၃)ဦး၊ လူထုစည်းရုံးရေး မှူး(၃၅)ဦးတို့ဖြင့် ဒေသတည်ငြိမ်မှုရှိလာပါက လုပ်ငန်းခွဲများ စတင်အကောင်အထည် ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရေးဆွဲ လုပ်ဆောင်လျှက်ရှိပါသည်။

## တွန်းဖုံမြို့နယ်

မိုးတွင်းကာလဖြစ်သည့်အတွက် ဂန်ထမ်းများကွင်းဆင်းရာတွင် လမ်းချော်ခြင်း၊ မြေပြိုခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးခက်ခဲခြင်း များကြုံတွေ့ရပါသည်။ တွန်းဖုံမြို့နယ်၊

ကျိုင်းမြို့ Cluster (4) တွင် ပါဝင်သည့် တုန်ကျင်းအုပ်စု ၊ တုန်ကျင်းကျေးရွာ နှင့် ပန်းမွာလ်အုပ်စု ၊ ပန်းမွာလ်ကျေးရွာတို့သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်စပ်မှ ဖြတ်တန်းပြီး သွားလာရသဖြင့် လိုအပ်သည့် အထောက်အထားများနှင့် ထောက်ခံချက်များ တောင်းခံလာပါသည်။

**၁၅။ အထောက်အပံ့လိုအပ်ချက်များ**

**၃၁။ (က) နည်းပညာ**

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် သုံးလပတ်အတွင်း နည်းပညာ အထောက်အပံ့လို အပ်ချက်များ စီမံကိန်းကျေးရွာအချို့တွင် ဗီနိုင်းပိုစတာများလေမိုးဒါဏ်ကြောင့် ကျေးရွာ (၄၀)ခန့် ပျက်စီးခဲ့ပါသည်။ သို့ဖြစ်ပါ၍ အစားထိုးပံ့ပိုးနိုင်ရန်ဗီနိုင်းပိုစတာ (၄၀)စုံအား ပံ့ပိုးထောက်ပံ့ပေးနိုင်ပါ ရန်တင်ပြအပ်ပါသည်။ MIS Modemစက်အား အသစ်လဲလှယ် ဝယ်ယူခွင့်ပြုနိုင်ပါရန် တင်ပြအပ် ပါသည်။ မိတ္တူကူးစက်(၁)လုံးထဲဖြစ်သည့် အတွက်မိတ္တူကူးရာတွင် လုံလောက်မှုမရှိသဖြင့် မိတ္တူ ကူးစက်(၁)လုံး ပံ့ပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

အသစ်ခန့်အပ်သည့် လက်ထောက်နည်းပညာမှူးများနှင့် လူထုစည်းရုံးရေးမှူးများမှာ ကျောင်းစီမံကိန်းအတွေ့အကြုံနည်းပါးသေးသဖြင့် အခက်အခဲရှိသော်လည်း စီမံကိန်းတာဝန် ရှိသူများမှ (TTA,DRD Counterpart နှင့် CF,TFများ) နည်းပညာများ သင်ကြားပို့ချပြသပေး ကာ လုပ်ငန်းခွင်တွင် အဆင်ပြေအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကော့ကရိတ်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများ ကွင်းဆင်းရန်အတွက် ပံ့ပိုးပေးထားသော TVS and Honda XL ဆိုင်ကယ်များကို ပြုပြင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များမှာ ထိုဆိုင်ကယ်များနှင့် ရင်နှီး ကျွမ်းဝင်မှုမရှိသဖြင့် ပြုပြင်ရာတွင် အခက်အခဲရှိနေခြင်း။ အပိုပစ္စည်းများရှာပါးခြင်း။

**ကော့မှူးမြို့နယ်**

ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများလိုအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်အား စီမံကိန်းလုပ်ငန်းမစတင်မီတွင် အချိန်မှီရရှိအောင် ပြုလုပ်ပေးစေလိုပါသည်။ လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ပြည်ထောင်စုအဆင့် အနေဖြင့် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့်ကြီးကြပ် ရေးနှင့် အကဲဖြတ် သုံးသပ်ရေးဆိုင်ရာ မွန်းမံသင်တန်းများ လုပ်ငန်းမစတင်မီ ပြန်လည် ပြုလုပ်ပေးစေလိုပါသည်။

လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများအား များများ ဆောင်ရွက်ပေးသင့်ပါသည်။

**တနင်္သာရီမြို့နယ်**

ပြည်ထောင်စုအဆင့် စီမံကိန်းတာဝန်ခံများမှ လိုအပ်သောလမ်းညွှန်မှုများ ပံ့ပိုးပေးစေလိုပါသည်။

**လှိုင်ကော်+ရှားတောမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ တွက်ချက်ရာတွင် အဆောက်အဦဧရိယာဈေးနှုန်း (PAE rate) နည်းသောကြောင့် ကန်ထရိုက်များရှာဖွေရာတွင်ခက်ခဲခြင်းများကြုံတွေ့ရပါသည်။

**ဒီးမော့ဆိုမြို့နယ်**

Steel Structure Estimate တွက်ချက်ပုံအစအဆုံး သင်တန်းများကိုထပ်မံ ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်အနေဖြင့် စီမံကိန်းနောက်ဆုံးနှစ်သို့ရောက်ရှိနေပြီဖြစ်သဖြင့် စာရင်းဇယားများစနစ်တကျသိမ်းဆည်းနိုင်ရန် ဖိုင်စင်(၃)ခု လိုအပ်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

စတုတ္ထနှစ်စက်ဝန်းအတွက် နည်းပညာစည်းရုံးရေးမှူး(ဝန်ထမ်း)များသည် အသစ်များ ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်အင်ဂျင်နီယာများ၊ ပြည်နယ်အင်ဂျင်နီယာများမှ နည်းပညာပိုင်းဆိုင်ရာများ အထူးအကူအညီပေးနိုင်ပါရန် တင်ပြ တောင်းဆိုအပ်ပါသည်။ လုပ်ငန်းခွဲခန့်မှန်းကုန်ကျစရိတ်နှင့် ဒီဇိုင်းများ တွက်ချက်နေသည့်အချိန်တွင် သက်ဆိုင်ရာမြို့နယ် အင်/ယာများမှ ဝိုင်းဝန်းအကြံပေးပြုလုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ အထူးသဖြင့် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်မဖော်မီ ပြင်ဆင်သည့်ကာလနှင့် လုပ်ငန်းခွဲများ အကောင်အထည် ဖော်နေစဉ်အတွင်း အနီးကပ်ကြီးကြပ်မှုများ ပြုလုပ်ပေးနိုင်ပါရန် တင်ပြတောင်းဆိုအပ်ပါသည်။

**ညောင်ဦးမြို့နယ်**

မြို့နယ်များတွင် Level တိုင်းတာရေး ကိရိယာများ၊CBR တိုင်းသည့် ကိရိယာများ လိုအပ်ပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှ တင်ပြထားသည်မှာ မီးလင်းရေး လုပ်ငန်းများအတွက် နည်းပညာပေး သင်တန်းများ ပံ့ပိုးပေးစေလိုပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ် အနေဖြင့် Union Infra Team မှလာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ် စေလိုပါသည်။ Union M&E များ အနေဖြင့် အခါအားလျော်စွာ ကွင်းဆင်း လေ့လာပြီး လိုအပ်သည်များကိုဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်စေလိုပါသည်။ Union Finance နှင့် Procurement များမှလည်း စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ်စေလိုပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD 2D/3D ပညာရပ်များ၊ နည်းပညာများ လိုအပ်နေပါကြောင်း တင်ပြအပ်ပါသည်။

**ငပုတောမြို့နယ်**

စီမံကိန်းစက်ဝန်းရှိ လုပ်ငန်းစဉ်အဆင့်ဆင့် အရည်အသွေးမှီ ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းဝန်ထမ်းများအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့် သင်တန်းများဖြစ်သည့် Computer Training, Community Management Training ကဲ့သို့သောသင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ပြည်နယ်လူထုဗဟိုပြုစီမံကိန်း(ရုံးခွဲ)တွင် တာဝန်ပေးအပ်ထားသော Infra and Safeguard Assistant များမှ လက်ထောက်နည်းပညာမှူးများအား အနီးကပ်ကူညီပံ့ပိုးပေးပါရန်။

**ဝွမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD သင်တန်းများ ပို့ချပေးစေလိုပါသည်။

**ပလက်ဝမြို့နယ်**

ဆက်လက်တာဝန်ထမ်းဆောင်လိုသည့် ဝန်ထမ်းများကို အောက်တိုဘာလအတွင်း ထပ်မံ သက်တမ်းတိုးခန့်ထားပြီးနောက်ပိုင်းတွင် စီမံကိန်းလုပ်ဆောင် ရန်ကျန် ရှိနေသည့် ကျေးရွာများတွင် ထပ်မံ နေရာချခန့်အပ်ပြီး ကျေးရွာအတွင်း ဆောင်ရွက်ကြမည့် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သော နည်းပညာများကို အထောက်အကူပေး အကောင်အထည် ဖော်ဆောင်သွားမည် ဖြစ်သည်။ ကျေးရွာများတွင်ကျွမ်းကျင်လုပ်သားရှားပါးမှုရှိနေပါသည်။ ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ပါက လုပ်ငန်းလုပ်ဆောင်ရာတွင် အရည်အသွေးပိုကောင်းသော လုပ်ငန်းခွဲများ ရရှိနိုင်မည်။

**ပျဉ်းမနားမြို့နယ်**

စတုတ္တနှစ်စက်ဝန်းအတွက် TFs များအား Estimation နှင့်အခြားလိုအပ်သည့်နည်းပညာ သင်တန်းပေးရန်လိုအပ်ပါသည်။

**မတူပီမြို့နယ်**

အသေးစားရေအား လျှပ်စစ်စီမံကိန်းများအတွက် နည်းပညာပိုင်းဆိုင်ရာတွက်ချက်မှု သင်တန်းများ ဖွင့်လှစ်ပို့ချပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

လက်တွေ့ထောက်နည်းပညာမှုးများ - Auto card training, Water, Electricity, Steel Structure training များ ဆောင်ရွက်ပေးပါရန်။ ဒါရ်ခိုင်း(သစ်)ကျေးရွာ စက်ရေးတွင်းတူးဖော်ခြင်း လုပ်ငန်းအတွက် မြေအောက်ရေ စမ်းသပ်(Geography Physical Survey)ပြုလုပ်ခြင်းအား ပြည်နယ်/ ပြည်ထောင်စု အဆင့်မှ လမ်းညွှန်ဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

နောက်ဆုံးနှစ်စီမံကိန်းစက်ဂန်းတွင် ပြည်နယ်အဆင့်မှ TF များအား Design, Estimate များ တွက်ချက်ရာတွင် ကူညီပေးစေလိုပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် ပစ္စည်း အထောက်အပံ့လိုအပ်ချက်များတွင် စီမံကိန်း သုံးမော်တော်ဆိုင်ကယ်များ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးစေလို ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

Finance Sector အတွက် သီးခြား Lap Top တစ်လုံးလိုအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

TVS ကုပ္မဏီအနေဖြင့် ကော့ကရိတ်မြို့နယ်တွင် ဆိုင်ခွဲလာရောက် ဖွင့်လစ်ပေးနိုင်လျှင် ကောင်းမွန်မည်ဟု ထင်မိပါသည်။

**ကော့မှုးမြို့နယ်**

PC form များ upload လုပ်ရာတွင်အဆင်ပြေရန်အတွက် ပြင်ဆင်ရန်ရှိသည့် Tablets အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးပါရန် တင်ပြတောင်းခံအပ်ပါသည်။

## ကျောက်တန်းမြို့နယ်

နေပြည်တော်သို့ ပေးပို့ထားသော Tablet (၃)လုံးအား ပြုပြင်ပြီး မြို့နယ်သို့ အမြန်ဆုံး ပေးပို့ပေးပါရန် တင်ပြအပ်ပါသည်။

## ကွမ်းခြံကုန်းမြို့နယ်

Tablet (၆) လုံး ပျက်စီးပျောက်ဆုံးနေပါသဖြင့် ပျက်စီးနေသော (၅) လုံးအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ပါက ပိုကောင်းပါမည်။ သို့မှသာ ဒေတာသွင်းခြင်းအား နှောင့်နှေးမှု မရှိမှာဖြစ်ပါသည်။ စီမံကိန်းစက်ဝန်းပြီးစီးသည်မှာ (၃) နှစ် ရှိပြီဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန် နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် Sector တစ်ခုအတွက် အနည်းဆုံး တစ်လုံး ခန့်လိုအပ်ပါသည်။ (Finance, M & E, Procurement Sector များအတွက်)

## လှိုင်ကော်+ရှားတောမြို့နယ်

Projector စက်ပျက်နေသည့်အတွက် သင်တန်းများပေးရာတွင် လည်းကောင်း၊ အစည်းအဝေး ပြုလုပ်ရာတွင်လည်းကောင်း၊ အနည်းငယ်အခက်အခဲများရှိခဲ့ပါသည်။

## ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်

မော်တော်ဆိုင်ကယ်အကြီး (HONDA-DT-125) နှစ်စီးအား ပြန်လည်ပြင်ဆင်နိုင်ရေး ပြည်ထောင်စုအဆင့်မှ ကူညီဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ ဗီဒီယိုကင်မရာသည် လက်ရှိ အချိန်ထိမရောက်ရှိသေးသောကြောင့် ပံ့ပိုးမည့် အစီအစဉ်ရှိပါက အမြန်ဆုံး ပံ့ပိုးပေးနိုင်ပါရန်တင်ပြအပ်ပါသည်။ စီမံကိန်းမှ ပံ့ပိုးပေးသော TVS အမျိုးအစားမော်တော်ဆိုင်ကယ်သည် အင်ဂျင်ပါဝါ (110 cc)သာ ရှိသောကြောင့် မော်ချီးဒေသသို့ သွားသည့်အခါ တောင်မတက်နိုင်ခြင်းနှင့် ကြုံတွေ့ရသောကြောင့် ၎င်းအစား အင်ဂျင်ပါဝါ(125 cc)(ဥပမာ- တရုတ်kenbo 125) အမျိုးအစားထောက်ပံ့ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ပေါင်မြို့နယ်

ပျက်စီးနေသောTablet (၁၁)လုံး အား အစားထိုး Tabletများ အမြန်ဆုံး ပြန်လည် ပေးစေလိုပါသည်။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်စက်ဝန်းများအတွက် စာရွက်စာတမ်းများထည့်ရန် ဗီဒိုလိုအပ်ပါသည်။

## ငါန်းဇွန်မြို့နယ်

စာရင်းဖိုင်များ သိမ်းဆည်းရန်အတွက် ဖိုင်တင်စင်(၁၀)စင်ခန့် လိုအပ်ပါသည်။ ယခုအခါ ဖိုင်များအားလုံးကို ပီနံအိတ်များဖြင့် သိမ်းဆည်းထား ပါသည်။

ညောင်ဦးမြို့နယ်

စီမံကိန်း(၄)နှစ်တာ ကာလအတွင်း ကျေးရွာပေါင်း(၂၂၀) ၏ဆောင်ရွက်ခဲ့သော ဝယ်ယူရေး၊ ဘဏ္ဍာရေး၊အခြေခံအဆောက်အဦ၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စာအုပ်များ၊ ရုံးအသုံးစရိတ်များ အစရှိသည့်ဖိုင်များအားစနစ်တကျ သေသပ်စွာ ထားရှိရန် အထောက်အပံ့ပစ္စည်းများ လိုအပ်လျက် ရှိပါသည်။

ပျော်ဘွယ်မြို့နယ်

**Projector** စက်ပြုပြင်၍ မရပါက အသစ်တစ်လုံး ထပ်မံပေးပို့ပေးနိုင်ရန် လိုအပ်ပါသည်။

ညောင်ဦးမြို့နယ်

စီမံကိန်း(၄)နှစ်တာ ကာလအတွင်း ကျေးရွာပေါင်း(၂၂၀) ၏ဆောင်ရွက်ခဲ့သော ဝယ်ယူရေး၊ ဘဏ္ဍာရေး၊အခြေခံအဆောက်အဦ၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စာအုပ်များ၊ ရုံးအသုံးစရိတ်များ အစရှိသည့်ဖိုင်များအားစနစ်တကျ သေသပ်စွာ ထားရှိရန် အထောက်အပံ့ပစ္စည်းများ လိုအပ်လျက် ရှိပါသည်။

ပေါက်မြို့နယ်

ပေါက်မြို့နယ်အနေဖြင့် မြို့နယ်၏ လိုအပ်ချက်အရ လက်ထောက်နည်းပညာမှူးနှင့် လူထု စည်းရုံးရေးမှူး (၁၀) ဦး ထပ်မံ ခန့်အပ်ပေးထားပါကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းဝန်ထမ်း များအတွက် မော်တော်ဆိုင်ကယ်နှင့် Tabletများ ထပ်မံပံ့ပိုပေးစေလိုပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

ပေုတောမြို့နယ်

Finance/CSAG (TTA) အတွက် Computer လိုအပ်ပါသည်။

ဝွမြို့နယ်

**ဟွန်ဒါဆိုင်ကယ်အကြီးများအတွက် အပိုပစ္စည်းများ ရရှိလိုပါသည်။**

ပလက်ဝမြို့နယ်

**မိုးနှောင်းပိုင်းနောက်ပိုင်းတွင် မြစ်ရေတိမ်မှုများ ဖြစ်နိုင်ပြီး ပစ္စည်းများသယ်ယူရာတွင် လည်းကောင်း လိုအပ်သော ပစ္စည်းများအချိန်မီ ရောက်နိုင်မှုအခက် အခဲကြုံ တွေ့လာ နိုင်ပါသည်။ မြို့နယ်အတွင်း လမ်းများအလိုက် မြို့နယ်အနေဖြင့် သယ်ယူပို့ဆောင်ရေး ဈေးနှုန်းများကို သတ်မှတ် ကြပ်မတ်ပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင်ပါမည်။**

**ပျဉ်းမနားမြို့နယ်**

လက်ရှိရွာဖိုင်များ/ Infra ဖိုင်များလုံခြုံစွာထားရှိနိုင်ရေးအတွက် ဗီဒို (၄)လုံးခန့် ထပ်မံပံ့ပိုး ပေးရန် လိုအပ်ပါသည်။

**မတ္တရာမြို့နယ်**

ဆိုင်ကယ်အပိုပစ္စည်းများမှာယူရာတွင် တစ်စီးချင်းစီအတွက် လက်ရှိလိုအပ်သည့် ပစ္စည်းကို သာ ဝယ်ယူတပ်ဆင်ခွင့်ပြုပေးခြင်းထက် ပုံမှန် လဲလှယ်ရန်လိုအပ်သည့် အပိုပစ္စည်းများကိုပါ ကြိုတင် ဝယ်ယူခွင့်ပြုပေးသင့်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဝယ်ယူခွင့် ရရှိရေးအတွက် အဆင့်(၁) ကုမ္ပဏီ သို့ဈေးနှုန်းအတည်ပြုချက်ရယူခြင်း၊ အဆင့်(၂) အဆိုပါပစ္စည်းများ ဝယ်ယူ ခွင့်ရရှိရေးအတွက် ခွင့်ပြုချက်တောင်းခံခြင်း၊ အဆင့်(၃) ကုမ္ပဏီသို့ပစ္စည်းမှာ ယူခြင်းစသည် ဖြင့်ဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းများပြင်ဆင်ရခြင်း၊ ပြန်လည် ညှိနှိုင်းရခြင်းမျိုးရှိပါက ထို့ထက်ပင် ပိုမိုကြာမြင့်ခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်ခဲများ ဖြစ်လာစေနိုင်ပါသည်။

**တွန်းဇံမြို့နယ်**

ဆိုင်ကယ် အရံထားရှိပေးနိုင်ပါရန် (125) တင်ပြအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

Samsung Copier နှင့် Samsung Printer စက်များပြုပြင်ပေးစေလိုပါသည်။

**ပူတာအိုမြို့နယ်**

MIS အင်တာနက်Router အားသွင်းကြိုး အလုပ်မလုပ်တော့သဖြင့် ကြိုးအသစ်ဝယ်ရန် တောင်းဆိုထားပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ် မုန်းဒေသရှိကျေးရွာအုပ်စု(၇)အုပ်စု၊ ကျေးရွာ (၃၇)ရွာမှာ စီမံကိန်း (စတုတ္ထနှစ်)စက်ဝန်းအား ဆောင်ရွက်ရန် လူထုစည်းရုံးရေးမှူး(၅)ဦးနှင့် လက်ထောက်နည်းပညာမှူး (၃)ဦးအား စာချုပ် သက်တမ်း(၁)နှစ် တိုးမြှင့်ခန့်ထား ပေးစေလိုပါသည်။

**ကော့ကရိတ်မြို့နယ်**

၃၁.၇.၂၀၁၉ရက်နေ့တွင် အလုပ်မှနှုတ်ထွက်သွားသော လက်ထောက်နည်းပညာမှူး ၂ဦး နှင့် လူထုစည်းရုံးရေးမှူး ၃ဦးအတွက် အစားထိုးဝန်ထမ်းများကို ၂၈.၈.၂၀၁၉ရက်နေ့တွင် လက်ထောက် နည်းပညာမှူး ၂ဦး နှင့် လူထုစည်းရုံးရေးမှူး ၂ဦးကိုင်ငင်း၊ ၂၉.၈.၂၀၁၉ရက်နေ့တွင် လူထုစည်းရုံးရေးမှူး ၁ဦးကိုင်ငင်း ပြန်လည်ခန့်အပ်ထားပြီးဖြစ်ပါသည်။

**ကျောက်တန်းမြို့နယ်**

စတုတ္ထနှစ်စီမံကိန်းစက်ဝန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ဖြစ်သောကြောင့် လစ်လပ်လျှက်ရှိသော လက်ထောက်နည်းပညာမှူးနေရာအား အမြန်ဆုံး ပြန်လည်ခန့်ထားပေးပါရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဘဏ္ဍာရေးပိုင်းတွင် နေပြည်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအတွက် အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ရန် လျာထားသော အစီအစဉ်များအား မြို့နယ်များသို့ သုံးလပါတ် ဘဏ္ဍာရေး အစီအစဉ်မဆွဲမီ ကြိုတင်ပေးပို့စေလိုပါသည်။ သို့မှသာ ဘဏ္ဍာရေးအစီအစဉ်အတွက် ပိုမိုမှန်ကန်လာစေပါမည်။ (အထူးသဖြင့် CSAG ၏ ၃လအတွင်း ဆောင်ရွက်မည့် အစည်းအဝေး၊ သင်တန်း၊ ပြပွဲများ)ဝန်ထမ်းများ ထွက်သွားပါက အမြန်ဆုံးပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။ ဝယ်ယူရေးအတွက် နည်းပညာအကြံပေးအား ပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ပြည်ထောင်စုအဆင့်မှလည်း ကွင်းဆင်းဝန်ထမ်းများ အပြောင်းအလဲမများရန် အတွက် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုရှိစေရန်လိုအပ်သော အစီအစဉ်များ ရေးဆွဲပြီး အကောင်အထည်ဖော်ပေးပါရန်တင်ပြအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အချို့သော counterpart များကို လည်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများတွင် ပိုမိုပါဝင် ကူညီလုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်အဆင့်မှ ကူညီပေးရန် တင်ပြအပ်ပါသည်။

**ငါန်းဇွန်မြို့နယ်**

စီမံကိန်းအပြီးသတ်ကာလတွင် စီမံကိန်းမော်တော်ဆိုင်ကယ်များနှင့် စီမံကိန်း ပစ္စည်းများအားလုံး အသုံးပြု၍အဆင်ပြေအောင် ပြင်ဆင်ပေးရန်လိုအပ်ပါသည်။

**ရမည်းသင်းမြို့နယ်**

**TF** တစ်ဦးလစ်လပ်၍ အစားထိုးခန့်အပ်ရန်ရှိပါသည်။

**မင်းတုန်းမြို့နယ်**

လက်ရှိလုပ်ငန်းများအနေအထား အရ ဂန်ထမ်း အင်အား လုံလောက်မှုရှိပါသည်။ သို့သော်လည်း DRD ဝန်ထမ်းအင်အား လုံလောက်မှုမရှိပါ။ DRD ဝန်ထမ်းအင်အား နည်းပါးသည့်အတွက် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ(၂) ဦး (CSAG Counterpart and Procurement Counterpart) မှာ(DRD ) လုပ်ငန်းများကိုပါ ဆောင်ရွက်ရသည့်အတွက် ပထမနှစ်စက်ဝန်းမှ စတုတ္ထနှစ် စက်ဝန်းအတွင်း ဆောင်ရွက်ထားရှိသော စာရွက်စာတမ်းများနှင့် ပတ်သတ်၍ ကြည့်ရှု စစ်ဆေးနိုင်ရန်နှင့် လိုအပ်သော

စာရွက်စာတမ်းများနှင့် ပတ်သတ်၍ လမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်နိုင်ရန် အားနည်းချက်များ ရှိနေပါသည်။

**ဆောမြို့နယ်**

ဝန်ထမ်းများ အတွက် အသက်အာမခံ ထားရှိပေးရန် (ခန္ဓာကိုယ် အစိတ်အပိုင်များ အားလုံး အတွက်) ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများ ထပ်မံပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ (ဥပမာ- ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ်စာ စကားပြောသင်တန်း၊ 2D/3D Audo CAD သင်တန်းများ)

**ပုဏ္ဏားကျွန်းမြို့နယ်**

လစ်လပ်လျှက်ရှိသော လက်ထောက်နည်းပညာမှူးနှစ်ဦးအား လာမည့်ပွင့်လင်းရာသီတွင် လုံခြုံရေးအရ အခြေအနေပေးသော ကျေးရွာများ၏ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ချိန်အမီ ခန့်အပ်တာဝန်ပေးအပ်စေလိုပါသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင် နေရသောဝန်ထမ်းများဖြစ်သည့်အတွက် စွမ်းဆောင်ရည်မြင့်မားရေး / မြင့်တင်ရေးသင်တန်း များ ပေးရန်လိုအပ်သည်။

**ပလက်ဝမြို့နယ်**

စတုတ္ထနှစ်တွင်ကျန်ရှိနေသော ကျေးရွာအုပ်စု(၄၁) အုပ်စုရှိ ကျေးရွာပေါင်း (၁၃၆)ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်းလုပ်ငန်း (၁၄၆) နှင့် တတိယနှစ် တွင် ကျန်ရှိနေသောအုပ်စု(၈)စုမှ စီမံကိန်း လုပ်ငန်းခွဲလက်ကျန်(၁၅) စုစုပေါင်း လုပ်ငန်းခွဲ (၁၆၁)ခု ကိုလက်ရှိကျန်ရှိ နေသော လူထုစည်းရုံးရေးမှူး (၃၅)ဦး၊ လက်ထောက်နည်း ပညာမှူး(၁၃)ဦးဖြင့် ထပ်မံအကောင်အထည်ဖော်ဆောင်ရန်အတွက် နောက်ထပ် လိုအပ်မည့် ဝန်ထမ်းအင်အားကို ဆက်လက်အကောင် အထည်ဖော် သွားရန်စီစဉ် ထားပါသည်၊ လိုအပ်မှုရှိပါက ထပ်မံတိုးမြှင့်ခန့်အပ်ပေးလျှင် ပိုမိုအဆင်ပြေနိုင်ပါမည်။

**မတူပီမြို့နယ်**

မတူပီမြို့နယ်ရှိကျေးရွာများသည် သွားလာရေး ခက်ခဲပြီး၊ အခြားနေမှုထိုင်မှုအတွက် ခက်ခဲသော ဒေသလည်းဖြစ်ပါသည်။ သို့ဖြစ်၍ လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများအား သင့်တင့်သော နှုန်းတစ်ခုခုဖြင့် လစာအပြင် ပံ့ပိုးမှုပြုလုပ်ပေးစေလိုပါသည်။

**မိုးကောင်းမြို့နယ်**

CSAG နေရာတွင် DRD Counterpart ခန့်ထားပေးပါရန် တင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ချထားပေးသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ စီမံကိန်း တွင် အချိန်ပို ပေးနိုင်ရန်အတွက် ဝန်ထမ်းအင်အား ထပ်မံချထားပေးရန် လိုအပ်ပါသည်။

၁၆။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ

**ကျောက်ကြီးမြို့နယ်**

**ကျောက်ကြီးမြို့နယ်** အနေဖြင့် တိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ မြို့နယ်များသို့ (ဝယ်ယူရေး၊ M&E/MIS၊ Infra )ကွင်းဆင်းပံ့ပိုးကူညီမှုများ ပေးနိုင်ပါရန် အကြံပြု အပ်ပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ် အနေဖြင့် ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် လုပ်ငန်းညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက် ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်အနေဖြင့် ကျေးရွာပြည်သူလူထုမှ စီမံကိန်းသဘောတရားများအား ပိုမို လက်လှမ်းမီ လေ့လာသိရှိနားလည်လာနိုင်စေရန်အတွက် စီမံကိန်းနှင့်ပတ်သက်သော လက်ကမ်းစာ စောင်များ၊ ဗီနိုင်းများ ထပ်မံလိုအပ်ပါသည်။ ပထမနှစ်မှ ဖြန့်ဝေထားသော စီမံကိန်း ဗီနိုင်းများသည် ရာသီဥတုဒဏ်ကြောင့် စုတ်ပြဲပျက်စီးကုန်ပြီဖြစ်ပါသဖြင့် ထပ်မံ ဖြန့်ဝေပေးစေလိုပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

Phase Out Guide-line ကို ကြိုတင် ချမှတ်ပေးပါက စီမံကိန်းလုပ်ငန်းများ ကောင်းမွန်စွာ အဆုံး သတ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်နှင့် ပိုင်ကျုံမြို့တွင် ရုံးထိုင်သော KNUတပ်မဟာ(၇)၏ တာဝန်ရှိသူများနှင့် ရုံးချုပ်မှ စီမံကိန်းတာဝန်ခံများ ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပေးပါရန် အကူအညီ တောင်းခံအပ် ပါသည်။

**ကော့ကရိတ်မြို့နယ်**

စီမံကိန်းကျေးရွာများရှိကော်မတီဝင်များ အမြင်ပွင့်၊ ဗဟုသုတတိုးပွားလာစေရန် အခြား မြို့နယ်များသို့ လေ့လာရေးခရီး ပို့ပေးစေလိုပါသည်။ ပြည်နယ်အဆင့် / ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ sector အလိုက် ၃လတစ်ကြိမ် monitoring လာရောက် ကြီးကြပ်ပေးစေလိုပါသည်။

**ကော့မှုးမြို့နယ်**

ဈေးနှုန်းစုံစမ်းမှုကာလအား (၃)ရက် (သို့) (၇)ရက်သာ ဖြစ်စေချင်ပါသည်။ သက်ဆိုင်ရာ ဌာနမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လည်ပတ်ထိန်းသိမ်းရေးကော်မတီကို လုပ်ငန်းလုပ်ဆောင်ရန် တိုက်ရိုက် တာဝန်ပေးအပ်ခြင်း၊ စိစစ်ခြင်းများပြုလုပ်သင့်ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေး သင်တန်းအား စနစ် တကျသင်ကြားပေးသင့်ပါသည်။

**ကျောက်တန်းမြို့နယ်**

ပျက်စီးနေသော ပစ္စည်းများအား အမြန်ဆုံး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**တနင်္သာရီမြို့နယ်**

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် စတုတ္ထနှစ် စက်ဝန်းသို့ ရောက်ရှိပြီဖြစ်၍ ကျေးရွာများတွင် မှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိနိုင်ရန်၊ လည်ပတ်ပြင်ထိန်းအစီအစဉ်များ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကျေးရွာ၏ လိုအပ်ချက်များအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် စနစ်တကျ ညှိနှိုင်းဆောင်ရွက် တတ်လာရန်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးမှ လိုအပ်သော လမ်းညွှန်မှုများ ပံ့ပိုးပေးပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေများအတွက် ဖွင့်လှစ်သော ကျေးရွာအုပ်စု(၂၅)အုပ်စု၏ စာရင်းရှင်များကို ပိတ်သိမ်းနိုင်ရေးအတွက် လမ်းညွှန်ချက်ကို စောင့်ဆိုင်းလျက် ရှိပါကြောင်းတင်ပြပါသည်။ လာမည့်မြို့နယ်သစ်အတွက်အကြံပြုလိုသည်မှာ O&M Guide lineကို ပထမနှစ် စက်ဝန်းကတည်းကပင် သင်တန်းပေးဖွဲ့စည်းသင့်ကြောင်း အကြံ ပြုအပ်ပါသည်။

**ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် နယ်မြေဒေသအခြေအနေအရ နောင်လာ မည့်နှစ် စီမံကိန်းစက်ဝန်း မစတင်မီသက်ဆိုင်ရာ ပြည်နယ်၊ ပြည်ထောင်စုအဆင့်မှ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့နှင့်တွေ့ဆုံပြီး သဘောတူသည့် ဝင်ခွင့်ပြုစာ ထုတ်ပေးနိုင်ပါရန် တင်ပြ တောင်းဆိုအပ်ပါသည်။ ဘောလခဲ၊ ဖားဆောင်းနှင့်မယ်စဲ့မြို့နယ်သည် ခရီးဝေးကွာခြင်းနှင့် ခက်ခဲခြင်းကြောင့် ထောက်ပံ့ငွေ(BG)များကို စီမံကိန်းလက်စွဲစာအုပ်အတိုင်း ဆုံးဖြတ်ခြင်း မဟုတ်ပဲ ဒေသအလိုက် လိုအပ်ချက်များအပေါ်အခြေခံပြီး ကူညီထောက်ပံ့စေလို ပါသည်။

စတုတ္ထနှစ်စက်ဝန်း စီမံကိန်းအကောင်အထည်ဖော်ပြီးသည့်အခါ လုပ်ငန်းများ၏ ရေရှည် တည်တံ့ရေးအတွက် လည်ပတ်ထိန်းသိမ်းရေးအစီအစဉ်သည် အလွန်အရေးကြီးသော အခန်း ကဏ္ဍတွင် ပါဝင်သောကြောင့် လည်ပတ်ထိန်းသိမ်းရေး အစီအစဉ်ကို သေချာသော စည်းမျဉ်းများ ရေးဆွဲချပြလမ်းညွှန်ပေးပါရန် တင်ပြအပ်ပါသည်။

**ချောင်းဆုံမြို့နယ်**

အစီရင်ခံသည့်(၃)လပတ်အတွင်း နည်းပညာ၊ ပစ္စည်း၊ ဝန်ထမ်းတို့တွင် အခက်အခဲ မရှိ သော်လည်း ချောင်းဆုံမြို့နယ်တွင်ရွာသားများ၏ရွေးချယ်မှုအရ သိန်း(၄၀၀) အထက် မုဒွန်း ကျေးရွာနှင့်ကညော့်ကျေးရွာဈေးတည်ဆောက်ရန် ရွေးချယ်ထားမှုများရှိခဲ့သဖြင့်နှောက်နှေးမှုများ

ဖြစ်ပေါ်ခဲ့သော်လည်း စက်တင်ဘာလတွင်သိန်း(၄၀၀) အောက် တည်ဆောက်ရန် ရွာသူရွာသားများ၏သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိခြင်း စသည့် အခက်အခဲအနည်းငယ် ကြုံတွေ့ခဲ့ရပါသည်။

## ပေါင်မြို့နယ်

စီမံကိန်းနောက်ဆုံးနှစ်များတွင် လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ဝန်ထမ်းများ အလုပ်ထွက်သွားသည်များကို စာချုပ်ဖြင့် (သို့) နည်းလမ်းတစ်ခုခုဖြင့် ထိန်းချုပ်ပေးစေ လိုပါသည်။ ငွေကြေးချမ်းသာသော ကျေးရွာများ အစည်းအဝေးပြုလုပ်ရာတွင် စိတ်ဝင်စားမှု နည်းပါးခြင်း၊ အကြိမ်ကြိမ်ဖိတ်ခေါ်ရခြင်းများ ပြုလုပ်နေရပါသည်။ စီမံကိန်းအား စိတ်မဝင်စားသော ကျေးရွာများအား ရန်ပုံငွေပေးအပ်မှု မပြုလုပ်ပဲ လိုအပ်ချက်များသော ကျေးရွာများသာ ရန်ပုံငွေ ပေးအပ်စေလိုပါသည်။(CSAG (TTA) အားစီမံကိန်း ကာလပြီးဆုံးသည်အထိ (၄) နှစ် ခန့်အပ်ထား ပေးစေလိုပါသည်။ မြို့နယ်များတွင် လုပ်ဆောင်ရသောCSAG နှင့်ပတ်သက်သော လုပ်ငန်းများတွင် CSAG (DRD-counterpart) တစ်ဦးထဲနှင့် မလုံလောက်သောကြောင့်ဖြစ်ပါသည်။)

## ညောင်ဦးမြို့နယ်

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့်အတွက် Phase Out guide- line ကို အမြန် ပေးပို့သင့်ပါသည်။ စီမံကိန်းမြို့နယ်အသစ်များအတွက် ယခုထက်ပို၍အောင်မြင်မှုများ ရရှိစေရန် နောင်တွင် စီမံကိန်း ဝန်ထမ်းများအား Union နှင့် Region မှ တာဝန်ရှိသူများက သင်တန်းများပေးသင့်ပါသည်။လူထုပူးပေါင်းပါဝင်မှု ပိုမိုရရှိရန် စီမံကိန်းမူဝါဒများ လုပ်ထုံး လုပ်နည်းများကို နည်းလမ်းမျိုးစုံ(TV,Pamphlet,Vinyl,Poster, Journal, Newspaper ) စသည် တို့ဖြင့် အသိပေးသင့်ပါသည်။

ပြည်ထောင်စုအဆင့်မှ လိုအပ်သော အမိန့်ညွှန်ကြားချက်များအား အချိန်မီ ထုတ်ပေးသင့်ပါသည်။ O&Mရန်ပုံငွေများကို စီမံကိန်းပထမနှစ်စက်ဝန်းမှစတင်၍ကောက်ခံ စုဆောင်းသုံးစွဲသည့် အလေ့အကျင့်များ ရရှိစေရန် စည်းမျဉ်းချမှတ်သင့်ပါသည်။ ကျေးရွာတိုင်းအား လူထုထည့်ဝင်ငွေများ မဖြစ်မနေ ထည့်ဝင်စေရန် ဆောင်ရွက်သင့်ပါသည်။ စီမံကိန်းဝန်ထမ်းများအား(၄)နှစ်တာ ပြီးဆုံးသည်အထိ (အရေး ကြီး ကိစ္စများမှအပ) တာဝန်ထမ်းဆောင်စေသင့်ပါသည်။

## ရမည်းသင်းမြို့နယ်

အချို့ဝေဖန်အကြံပြုတိုင်ကြားစာများသည် မြို့နယ်မှ စီမံကိန်း လမ်းစဉ်အတိုင်း ညှိနှိုင်းဖြေရှင်းထားသော်လည်း တိုင်ကြားသူများမှ ကျေးရွာတွင်း မသင့်မြတ်မှုများ အကြောင်းပြုပြီး အဆင့်ဆင့် တိုင်ကြားနေသဖြင့် အဆင့်ဆင့် လာရောက်ဖြေရှင်း နေရခြင်းအတွက် မြို့နယ်တွင် လုပ်ငန်းနှောင့်နှေးမှုများ ရှိပါသည်။ အချို့တိုင်ကြားစာများသည်မြို့နယ်မှ ဖြေရှင်းထား သော်လည်း တိုင်းအစိုးရသို့ တိုင်ကြားထားသဖြင့် တိုင်းအစိုးရသို့ အစီရင်ခံစာများ တင်ပြရခြင်း၊ တိုင်းအစိုးရ၏ ခွင့်ပြုချက် စောင့်ပြီးမှ ဆက်လက်ဆောင်ရွက်ရသဖြင့်လူထုစစ်ဆေးပွဲများ နောက်ကျရခြင်း ဖြစ်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

စီမံကိန်းစတုတ္ထနှစ်စက်ဝန်း စတင်ချိန်တွင် ဝန်ထမ်းအင်အား ပြည့်မီနေရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ ဝန်ထမ်းများလစ်လပ် သွားပါကကြန့်ကြာမှုမရှိဘဲ အမြန်ပြန်လည် အစားထိုးခန့်ထား နိုင်ရေး ဆောင်ရွက် ပေးရန် လိုအပ် ပါသည်။**Union MSR** ကျင်းပပြီးစီးချိန်ဖြစ်၍ နောင်စက်ဝန်းတွင် ပြုပြင်ရန် လိုအပ်ချက်များ၊ ညွှန်ကြားချက်အသစ်များရှိပါက လုပ်ငန်းများ မစတင်မီ အတွင်းအချိန်မီ ပေးပို့စေလိုပါသည်။ **Operation Manual Guidelines, M&E/MIS Update Software,KE Refresher Training Etc...**ပုံစံအသစ်များ ပြောင်းလဲပါက ပြောင်းလဲသည့် ပုံစံအသစ်များ အချိန်မီ ဖြန့်ဝေပေးရန်လိုအပ်ပါသည်။

**နွားထိုးကြီးမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းဆောင်ရွက်သည့် မြို့နယ်များတွင် စီမံကိန်းစက်ဝန်း (၄)ခုဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းခွဲများကြောင့် မိမိတို့ကျေးရွာများ၏ တိုးတက်ပြောင်းလဲမှုအပေါ် ကျေးရွာသူ/သားများ၏ ကျေနပ်အားရမှု သုံးသပ်ချက်များ ဖော်ထုတ်ရယူမှတ်တမ်းတင်သင့်ပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်အနေဖြင့် လျှပ်စစ်ပစ္စည်းများနှင့် ပတ်သတ်၍ ဝယ်ယူပြင်ဆင်ရန် လွယ်ကူသည့် စက်ပစ္စည်းများ ပံပိုးပေးစေလိုပါကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။

**ပေါက်မြို့နယ်**

စီမံကိန်း စက်ဝန်းတိုင်းတွင် လည်ပတ်ထိန်းသိမ်းရေး သင်တန်းများ ပေးစေလိုပါကြောင်း၊ စီမံကိန်းလွန်ကာလတွင် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကြိုတင်ပေးစေ လိုပါကြောင်း တင်ပြအပ်ပါသည်။

**ဆောမြို့နယ်**

Operation Manual အား အချိန်နှင့် တပြေးညီ ပြန်လည်ပြင်ဆင်ချက် ပေးပို့ပါရန် လိုအပ်ကြောင်း၊ CSAG (TTA) အား (၄)နှစ် စီမံကိန်းပြီးသည်အထိ ထားရှိပေးစေလိုကြောင်း၊ Procurement refresher training အား ပြန်လည်ပို့ချပေး စေလိုကြောင်းတင်ပြအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

၁၀-၁-၂၀၁၉နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပုဏ္ဏားကျွန်းမြို့နယ် အပါအဝင် (၅) မြို့နယ်တွင် ကျေးရွာကွင်းဆင်းအလုပ်လုပ်ကိုင်ခြင်းကို တားမြစ်ခဲ့ပြီးနောက် ၁၃-၂-၂၀၁၉နေ့ တွင် လူထုဗဟိုပြုစီမံကိန်း (ရုံးချုပ်) မှ စီမံကိန်းတာဝန်ခံ ဦးလှခိုင် လာရောက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနိုင်းပေးမှုကြောင့် လုံခြုံရေး အခြေအနေပေးသော ကျေးရွာများသို့ ကွင်းဆင်းလုပ်ကိုင်နိုင်ခဲ့သဖြင့် စီမံကိန်းလုပ်ငန်းခွဲ(၅၁)ခုခန့် အကောင် အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အလားတူ လူထုဗဟိုပြု

စီမံကိန်း(ရုံးချုပ်)နှင့် ရခိုင်ပြည်နယ် လူထုဗဟိုပြုစီမံကိန်း(ရုံးခွဲ)တို့၏ ပံ့ပိုးကူညီမှုများ ဆက်လက်ဆောင်ရွက်ပေးပါရန်။

ဝန်ထမ်းများဘေးကင်းလုံခြုံရေးအတွက် ကျေးရွာများတွင်တာဝန်ထမ်းဆောင်ခြင်း၊ ခရီးသွားလာခြင်းတို့တွင် လိုအပ်သောကာကွယ်ပေးမှုအစီအမံများ သက်ဆိုင်ရာများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးစေလိုပါသည်။ (ဥပမာ-ခရီးသွားလာမှု အာမခံ၊ အသက်အာမခံစသည်ဖြင့်)

### ဂွမြို့နယ်

စီမံကိန်းတွင် အသုံးပြုသော form ပုံစံများမှာ များပြားသဖြင့် ကျေးရွာအဆင့်တွင် အသုံးပြုရန် အနည်းငယ် အခက်အခဲရှိပါသည်။ အထူးသဖြင့် စာတတ်မြောက်မှု အားနည်းသော ကျေးရွာများတွင် ပုံစံများ မဖြည့်သွင်းနိုင်ကြပါ။ ထို့ကြောင့် ဖြစ်နိုင်လျှင် ပုံစံအရေအတွက်ကို လျှော့ချပေးစေချင်ပါသည်။

### ပလက်ဝမြို့နယ်

မြို့နယ်နည်းပညာအကြံပေးအဖွဲ့ဝင်များအလုပ်မှ မရပ်နားမီအချိန်အတွင်း ကျန်ရှိနေသော စီမံကိန်းလုပ်ငန်းခွဲများအားဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင် မှုအဆင်ပြေချောမွေ့စေရန် မြို့နယ်မှ DRD Counterpartsများ အနေဖြင့် ပူးပေါင်းလုပ်ဆောင်မှုကောင်းလာရန် လိုအပ်သေးကြောင်း အကြံပြုပါသည်။

### ပျဉ်းမနားမြို့နယ်

ဖိုင်များလုံခြုံစွာ သိမ်းဆည်းထားနိုင်ရေးအတွက် သင့်တော်သည့် ဗီဒိုများ အချိန်မီ ခွင့်ပြုသင့်ပါကြောင်းတင်ပြအပ်ပါသည်။

### မတူပီမြို့နယ်

စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များ၊ အစီရင်ခံစာများတောင်းခံရာတွင် ပုံမှန် ပြုစုနေကျပုံစံဖြင့်သာ တောင်းခံစေလိုပါသည်။ အချို့အချက်အလက်များပြားသည့် စာရင်းများမှာ ပုံမှန်စာရင်းမှ လတ်တလောတောင်းခံသည့် စာရင်းပုံစံသို့ထည့်သွင်းရန်အချိန် ကြာမြင့်ခြင်း၊ အခက်အခဲရှိခြင်းမျိုး ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။

### တွန်းဇံမြို့နယ်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများသို့ ပန်းရံ/ လက်သမား ကျွမ်းကျင် သင်တန်းများ ပို့ချပေးပါရန်။ Union / State Finance Team မှ တာဝန်ရှိသူများ အနေဖြင့် မြို့နယ်သို့ လိုအပ်သည်များ ညွှန်ကြားပေးနိုင်ရန် ဖိတ်ခေါ်ပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် မိတ္တူကူးစက်များ၊ Printerစက်များ ပျက်ပါက ချက်ချင်းပြုပြင်ဖြေရှင်းပေးစေလိုပါသည်။ ကျေးရွာများတွင် ဖြန့်ဝေထားသော စီမံကိန်း ဗီနိုင်းများမှာ မိုးတွင်းကာလတွင် လေတိုက်ခြင်း၊ မိုးစိုခြင်းများကြောင့် အချို့သော ကျေးရွာများတွင် ပျက်စီးနေပါသဖြင့် ပျက်စီးသွားသောကျေးရွာများအတွက် ဗီနိုင်းများပြန်လည်ထုတ်ဝေပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

ပူတာအိုဒေသသည်ရာသီဥတုကြမ်းတမ်းသော ဒေသဖြစ်၍ သတင်းပြန်ကြား ဆက်သွယ်ရေးနှင့် မှတ်တမ်းဓါတ်ပုံများ ပြပွဲကို ရာသီဥတု ကောင်းသောအချိန် တစ်လလျှင်(၂)ပွဲ ပြုလုပ်ခွင့် ပေးစေလိုပါသည်။

**၁၇။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် ၅၄ မြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စုအဆင့်သို့လည်း တင်ပြရန်

(ခ) **Labour report** အား **M&E focal** နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီးသို့ တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် **CSAG** နှင့် **DRD** မှ ဦးစီးဆောင်ရွက်ရန်

(ဃ) **CF** များအားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား **political role** အဖြစ်ပြောင်းရန်

(စ) ကျေးရွာ လူထုစစ်ဆေးပွဲမှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကြွယ်ဝလာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ဖြစ်ရပ်များအား ရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးစဉ်များအား မြို့နယ်အဆင့် **TA/DRD** များနှင့် ပူးပေါင်းပြီး မပြတ်သွားလာ ဆောင်ရွက်ရုံသာမက ပြည်ထောင်စုအဆင့်သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) **NCDDP** ၏ ကျားမရေးရာ **stragies** ပြင်ဆင်ထားသည့် ပုံစံများ ကို **WB** အပါအဝင် **CDD** ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေး စီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့်ကြီးကြပ်ရေး ညွှန်းကိန်းများအား မျှဝေတင်ပြရန်

(ဃ) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြုလုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား စက်တင်ဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။

(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

- **ISM 19** ကို ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား ဒီဇင်ဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲမှ ရရှိထား သော ဆွေးနွေးမှုရလက်များအား သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးမှုများ ပြုလုပ်မည်။
- ပြင်ဆင်ရန် လိုအပ်သည့် ပုံစံများအလိုက် ပြုပြင်မှုများပြုလုပ်မည်။

ဇယား ၁။ ၃၀/၉/၂၀၁၉ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား

| Sector | Year 1 (2013/14) | | Year 2 (2014/15) | | Year 3 (2015/16) | | Year 4 (2016/17) | | Year 5 (2017/8) (1) | | Year 6 (2018/19) | | Cumulative (Yrs 1 – 6) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | # | % | % | # | % | # | % | # | % |
| Transport | 126 | 35.3% | 684 | 41.0% | 2,299 | 48.6% | 4,288 | 55.8% | 5,701 | 63.4% | 3,282 | 50.83% | ###### | 54.97% |
| Water Supply & Sanitation | 69 | 19.3% | 229 | 22.9% | 978 | 20.7% | 1,157 | 15.1% | 752 | 8.4% | 529 | 8.20% | 3,715 | 12.47% |
| Education | 118 | 33.1% | 448 | 24.0% | 966 | 20.4% | 1,065 | 13.9% | 1,066 | 11.9% | 756 | 11.71% | 4,419 | 14.83% |
| Electrification | 26 | 7.3% | 123 | 7.8% | 209 | 4.4% | 488 | 6.4% | 660 | 7.3% | 822 | 12.73% | 2,328 | 7.81% |
| Community Facilities | 15 | 4.2% | 65 | 2.7% | 192 | 4.1% | 478 | 6.2% | 661 | 7.4% | 764 | 11.83% | 2,175 | 7.30% |
| Health | | | 8 | | 33 | 0.7% | 31 | 0.4% | 31 | 0.3% | 17 | 0.27% | 120 | 0.40% |
| Other | 3 | 0.8% | 21 | 1.6% | 57 | 1.2% | 175 | 2.3% | 120 | 1.3% | 286 | 4.43% | 662 | 2.22% |
| | | | | | | | | | | | | | | |
| Total | 357 | 100% | 1,578 | 100% | 4,734 | 100% | 7,682 | 100% | 8,992 | 100% | 6,457 | 100% | 29,800 | 100% |

## ဇယား- ၂

### စေတနာအလျောက်မြေယာလှူဒါန်းခြင်း/လျော်ကြေးပေးခြင်းဆိုင်ရာစာရင်း(ဆဋ္ဌမနှစ်စက်ဝန်း)

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | စီမံကိန်းလုပ်ငန်းခွဲပေါင်း | မြေယာလှူဒါန်းမှုရှိသော | | မြေယာလှူဒါန်းသောစီမံကိန်းလုပ်ငန်းခွဲအရေအတွက် | | | | | | မြေယာကိစ္စ | | လှူဒါန်းသည့်မြေယာ(စ/ပေ) | စုစုပေါင်းPC14 အရေအတွက် | မြေယာလှူဒါန်းသောစီမံကိန်းလုပ်ငန်းခွဲ(%) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကျေးရွာ အုပ်စုပေါင်း | ကျေးရွာ ပေါင်း | လမ်း/တံတား | ရေပေးရေး | မီးလင်းရေး | အဆောက်အအုံ | အခြား | စုစုပေါင်း | မြေယာလှူဒါန်းသောအိမ်ထောင်စု အရေအတွက် | လျော်ကြေးငွေပေးရသောအိမ်ထောင်စု အရေအတွက် | | | | |
| ၁ | ကချင်ပြည်နယ် | မိုးကောင်း | ၁၀၉ | ၄ | ၅ | ၅ | - | - | - | - | ၅ | ၂၃ | - | 2370.67 | ၂၃ | ၄.၅၉ | |
| ၂ | | ပူတာအို | ၉၄ | ၁ | ၁ | ၁ | - | - | - | - | ၁ | ၂ | - | 662.00 | ၂ | ၁.၀၆ | |
| ၃ | | ရွှေကူ | ၈၁ | ၆ | ၇ | ၈ | - | - | - | - | ၈ | ၁၀၀ | - | 14987.17 | - | ၉.၈၈ | |
| ၄ | ကယားပြည်နယ် | ဒီမော့ဆို | ၁၂၅ | ၉ | ၁၁ | ၅ | ၆ | - | - | - | ၁၁ | ၄၀ | - | 22113.00 | ၄၀ | ၈.၈၀ | |
| ၅ | | ဖရူဆို | ၁၀၀ | ၃ | ၅ | ၄ | - | - | ၁ | - | ၅ | ၇၁ | - | 77830.00 | ၇၁ | ၅.၀၀ | |
| ၆ | | လွိုင်ကော် | ၄၆ | ၄ | ၈ | ၈ | - | - | - | - | ၈ | ၁၃၅ | - | 52141.00 | ၁၃၅ | ၁၇.၃၉ | |
| ၇ | | ရှားတော | ၉ | - | - | - | - | - | - | - | ၀ | - | - | 0.00 | - | ၀.၀၀ | |
| ၈ | | ဖားဆောင်း | ၁၁ | ၂ | ၃ | ၁ | ၂ | - | - | - | ၃ | ၂၇ | - | 4870.00 | ၂၇ | ၂၇.၂၇ | |
| ၉ | | ဘော်လခဲ | ၁၃ | ၂ | ၂ | ၂ | - | - | - | - | ၂ | ၃၁ | - | 7126.25 | ၃၁ | ၁၅.၃၈ | |
| ၁၀ | | မယ်စဲ့ | ၁၁ | ၁ | ၁ | - | - | - | ၁ | - | ၁ | ၁ | - | 226.00 | ၁ | ၉.၀၉ | |

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ၂၉၁ | ၄ | ၇ | ၅ | - | - | ၂ | - | ၇ | ၇၈ | - | 170476.00 | ၇၈ | ၂.၄၁ | |
| ၁၂ | | လှိုင်းဘွဲ့ | | | | | | | | | | | | | | | |
| ၁၃ | | ကော့ကရိတ် | | | | | | | | | | | | | | | |
| ၁၄ | ချင်းပြည်နယ် | မတူပီ | ၁၅၀ | ၆ | ၆ | ၄ | - | ၁ | ၁ | - | ၆ | ၂၃ | - | 71260.00 | ၂၃ | ၄.၀၀ | |
| ၁၅ | | တွန်းဇံ | ၆၃ | ၅ | ၅ | ၅ | - | - | - | - | ၅ | ၁၁ | - | 10532.00 | ၁၁ | ၇.၉၄ | |
| ၁၆ | | ပလက်ဝ | ၁၆၆ | ၄ | ၄ | ၂ | - | - | ၂ | - | ၄ | ၁၀ | - | 22345.00 | ၁၀ | ၂.၄၁ | |
| ၁၇ | စစ်ကိုင်းတိုင်း | မြောင် | ၁၁၅ | ၄ | ၄ | ၂ | ၁ | ၁ | - | - | ၄ | ၁၁ | - | 1437.00 | ၁၁ | ၃.၄၈ | |
| ၁၈ | | ဖန်းမောက် | ၁၉၆ | ၁၂ | ၁၈ | ၁၂ | ၁ | ၁ | ၄ | - | ၁၈ | ၂၅၈ | - | 90617.00 | ၂၅၈ | ၉.၁၈ | |
| ၁၉ | | ကနီ | | | | | | | | | | | | | | | |
| ၂၀ | | ကျွန်းလှ | | | | | | | | | | | | | | | |
| ၂၁ | မကွေးတိုင်း | မင်းတုန်း | ၁၈၆ | ၃၃ | ၄၆ | ၆ | ၈ | ၃၂ | - | - | ၄၆ | ၇၇၃ | - | 65453.25 | ၇၇၃ | ၂၄.၇၃ | |
| ၂၂ | | ဆော | ၁၁၁ | ၂၆ | ၂၇ | ၁၀ | ၂ | ၁၄ | - | ၁ | ၂၇ | ၈၀၆ | - | 36657.03 | ၈၀၆ | ၂၄.၃၂ | |
| ၂၃ | | ထီးလင်း | ၁၁၄ | ၉ | ၉ | ၂ | ၄ | - | ၃ | - | ၉ | ၂၁၆ | - | 30577.00 | ၂၁၆ | ၇.၈၉ | |
| ၂၄ | | ပေါက် | ၂၆၁ | ၂၀ | ၄၁ | ၉ | ၂ | ၂၉ | - | ၁ | ၄၁ | ၈၂၄ | - | 79064.17 | ၈၂၄ | ၁၅.၇၁ | |
| ၂၅ | မန္တလေးတိုင်း | ငါန်းဇွန် | ၁၈၇ | ၈ | ၁၂ | - | ၂ | ၇ | ၃ | - | ၁၂ | ၁၇၅ | - | 10029.00 | ၁၇၅ | ၆.၄၂ | |
| ၂၆ | | ညောင်ဦး | ၂၇၇ | ၉ | ၁၅ | - | ၆ | ၉ | - | - | ၁၅ | ၁၄၆ | - | 3176.07 | ၁၄၆ | ၅.၄၂ | |
| ၂၇ | | နွားထိုးကြီး | ၁၇၃ | ၉ | ၁၁ | ၈ | ၁ | ၁ | - | ၁ | ၁၁ | ၂၆၉ | - | 51358.00 | ၂၆၉ | ၆.၃၆ | |
| ၂၈ | | ပျော်ဘွယ် | ၂၈၄ | ၃ | ၃ | ၁ | ၁ | - | ၁ | - | ၃ | ၇ | - | 900.00 | ၇ | ၁.၀၆ | |

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၉ | | ရမည်းသင်း | ၂၉၂ | ၁၀ | ၁၇ | ၄ | ၁၁ | - | - | ၂ | ၁၇ | ၅၁ | - | 35740.00 | ၅၁ | ၅.၈၂ | |
| ၃၀ | ပဲခူးတိုင်း | ကျောက်ကြီး | ၁၄၅ | ၁၈ | ၃၂ | ၂၅ | ၁ | ၁ | ၆ | - | ၃၃ | ၄၃၇ | - | 303230.00 | ၄၃၇ | ၂၂.၇၆ | |
| ၃၁ | | မိုးညို | ၂၀၃ | ၂၃ | ၃၇ | ၉ | ၁ | ၂၁ | ၆ | - | ၃၇ | ၁၃၇ | - | 163161.80 | ၁၃၇ | ၁၈.၂၃ | |
| ၃၂ | | ပန်းတောင်း | ၁၆၀ | ၁၇ | ၂၄ | ၁၂ | ၁၀ | - | ၃ | - | ၂၅ | ၁၀၂ | - | 84673.50 | ၁၀၂ | ၁၅.၆၃ | |
| ၃၃ | | ရွှေကျင် | | | | | | | | | | | | | | | |
| ၃၄ | | သဲကုန်း | | | | | | | | | | | | | | | |
| ၃၅ | ရန်ကုန် | ကော့မှူး | ၂၀၉ | ၂၅ | ၂၉ | ၁၈ | ၂ | - | ၁၀ | - | ၃၀ | ၁၅၉ | - | 248552.50 | ၁၅၉ | ၁၄.၃၅ | |
| ၃၆ | | ကွမ်းခြံကုန်း | ၁၃၆ | ၄ | ၄ | ၃ | ၁ | - | - | - | ၄ | ၁၄ | - | 123045.00 | ၁၄ | ၂.၉၄ | |
| ၃၇ | | ကျောက်တန်း | ၁၁၄ | ၃ | ၃ | ၂ | - | - | ၁ | - | ၃ | ၃ | - | 15547.00 | ၄ | ၂.၆၃ | |
| ၃၈ | ဧရာဝတီတိုင်း | ကြံခင်း | ၁၈၈ | ၉ | ၂၀ | - | ၂ | ၁၀ | ၈ | - | ၂၀ | ၂၂ | - | 15646.00 | ၂၂ | ၁၀.၆၄ | |
| ၃၉ | | သာပေါင်း | ၃၇၇ | ၆ | ၁၅ | ၂ | ၁ | ၄ | ၈ | - | ၁၅ | ၂၄ | - | 214392.00 | ၂၄ | ၃.၉၈ | |
| ၄၀ | | ငပုတော | ၃၄၆ | ၇ | ၉ | ၇ | - | ၁ | ၁ | - | ၉ | ၂၄ | - | 313849.00 | ၂၄ | ၂.၆၀ | |
| ၄၁ | | အင်္ဂပူ | | | | | | | | | | | | | | | |
| ၄၂ | | ဓနုဖြူ | | | | | | | | | | | | | | | |
| ၄၃ | တနင်္သာရီတိုင်း | တနင်္သာရီ | ၁၀၁ | ၁၃ | ၂၆ | ၁၀ | ၄ | ၂ | ၁၀ | - | ၂၆ | ၂၀၄ | - | 542691.56 | ၂၀၄ | ၂၅.၇၄ | |
| ၄၄ | မွန်ပြည်နယ် | ဘီးလင်း | ၁၉၈ | ၄ | ၄ | ၃ | - | - | - | ၁ | ၄ | ၇၁ | - | 6690.23 | ၇၁ | ၂.၀၂ | |
| ၄၅ | | ချောင်းဆုံ | ၁၆၅ | ၅ | ၅ | ၃ | ၂ | - | - | - | ၅ | ၁၅ | - | 7046.50 | ၁၅ | ၃.၀၃ | |

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄၆ | | ပေါင် | ၁၇၆ | ၅ | ၅ | ၃ | ၂ | - | - | - | ၅ | ၁၃ | - | 37782.50 | ၁၃ | ၂.၈၄ | |
| ၄၇ | ရခိုင်ပြည်နယ် | ဝ | | | | | | | | | | | | | | | |
| ၄၈ | | ပုဏ္ဏားကျွန်း | | | | | | | | | | | | | | | |
| ၄၉ | နေပြည်တော် | လယ်ဝေး | ၃၇၆ | ၄ | ၅ | ၁ | ၁ | - | ၂ | ၁ | ၅ | ၂၅ | - | 26056.00 | ၂၅ | ၁.၃၃ | |
| ၅၀ | | ပျဉ်းမနား | ၁၃၀ | ၃ | ၃ | - | ၁ | - | - | ၂ | ၃ | ၁၅ | - | 7029.00 | ၁၅ | ၂.၃၁ | |
| ၅၁ | ရှမ်းပြည်နယ် | ဆီဆိုင် | ၁၇၇ | ၃ | ၄ | - | ၃ | - | ၁ | - | ၄ | ၇ | - | 4620.00 | ၇ | ၂.၂၆ | |
| ၅၂ | | မောက်မယ် | | | | | | | | | | | | | | | |
| ၅၃ | | မဘိမ်း | ၃၈ | 5 | 7 | 4 | - | - | 3 | - | 7 | 59 | - | 25339.50 | 61 | ၁၈.၄၂ | |
| ၅၄ | | မိုင်းခတ် | | | | | | | | | | | | | | | |

Progress of Ethnic Language translation

| No | Ethnic language | Townships | Materials | | | | Remark |
|---|---|---|---|---|---|---|---|
| | | | Posters | Pamphlets | Envelope | OM brief | |
| 1 | Kayah | Hpruso, Demoso | done | done | done | done | |
| 2 | Kayan | Demoso, Hsihseng | done | done | done | done | |
| 3 | Sagaw kayin | Kyarinnseikgyi, Hparsaung, Hlaingbwe, Kawkareik, Kyaukkyi, Tharbaung, Tanintharyi, Bilin | done | done | done | on going | check the spelling |
| 4 | East Poe | Kyarinnseikgyi, Hlaingbwe, Kawkareik, Bilin | done | done | done | done | |
| 5 | Mon | Kyarinnseikgyi, Hlaingbwe, Kawkareik, Mon | done | done | done | on going | check the spelling |
| 6 | Matu | Matupi | done | done | done | on going | check the spelling |
| 7 | Mara | Matupi | done | done | done | on going | check the spelling |
| 8 | Dai | Matupi | done | done | done | on going | check the spelling |
| 9 | Zotone | Matupi | done | done | done | on going | check the spelling |
| 10 | Zome | Tonzang | done | done | done | on going | check the spelling |
| 11 | Kachin | Moegaung, PutaO | done | on going | on going | on going | translating |
| 12 | Lisu | PutaO | done | done | done | on going | check the spelling |
| 13 | Rawang | PutaO | done | done | done | on going | check the spelling |
| 14 | Shan | Hsihseng, Maukmai, Mongkhet | done | done | done | done | |
| 15 | PaO | Hsihseng, Maukmai, Bilin, Hlaingbwe | done | done | done | on going | check the spelling |
| 16 | Akha | Mongkhet | done | done | done | on going | check the spelling |
| 17 | Lahu | Mongkhet | done | done | done | on going | check the spelling |

## ဇယား၄။ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်ထိရလဒ်Matrixညွှန်ကိန်းများအကျဉ်းချုပ်ဇယား

| 1 | | **Development Objective Indicators** | **Yr 1**<br>**2013/14** | **Yr 2**<br>**201415** | **Yr 3**<br>**2015/16** | **Yr 4**<br>**2016/17** | **Yr 5**<br>**2017/18** | **Yr 6**<br>**2018/19** | **Cumulative** |
|---|---|---|---|---|---|---|---|---|---|
| | 1.1 | Direct beneficiaries by year (# tns) | 246,644<br>(3 tns) | 692,096<br>(6 tns) | 2,364,252<br>(18 tns) | 2,291,331<br>(20 tns) | 1,680,925<br>(16 ttns) | No additions | |
| | | cumulative (# tns) | 246,644<br>(3 tns) | 938,740<br>(9 tns) | 3,302,992<br>(27 tns) | 5,594,323<br>(47 tns) | 7,275,248<br>(63 tns) | 7,275,248<br>(63 tns) | 7,275,248<br>(63 tns) |
| | 1.2 | % female beneficiaries | 51.90% | 51% | 51.50% | 50.70% | 51.50% | 51.3%% | 51.3% |
| | 1.3 | # persons having access to and use of project-built infrastructure and services | 204,527 | 621,361 | 2,042,112 | 2,120,302 | 1,571,558 | 1,571,558 | 6,559,860 |
| | 1.4 | % households in project villages participating in planning, decision-making, and implementation of sps | 56% | 58% | 65 % | 61% | 61.2% | 62.18% | 59.78% |
| | 1.5 | % community members satisfied with the project | 90% | 78.8% | 82% | 94% | 95% | 97% | 90% |
| | 1.6 | CFA Participation | | | | | | | |
| | | •Total CFA labour paid out (MMK billion) | 0.45 | 1.46 | 4.97 | 8.32 | 12.2 | 10.71 | 38.11 |
| | | •Total # of labour days provided | 106,500 | ·325,400 | ·863,648 | 1.586 mill. | 2.09 mill. | 1.98 mill. | 5.196 million |
| | | •CFA wages payments as % of sub- | n.a | 15% | 16.6% | 17.5% | 16.3% | 17.00% | 16.7% |
| | | •% sub-projects with CFA as main source of labour | n.a | 70% | 92% | 94% | 95% | 92% | 89% |
| **2** | | **Intermediate Results Indicators** | **Yr 1**<br>**2013/14** | **Yr 2**<br>**2014/15** | **Yr 3**<br>**2015/16** | **Yr 4**<br>**2016/17** | **Yr 5**<br>**2017/18** | **Yr 6**<br>**2018/19** | **Cumulative** |
| | 2.1 | #Type of rural infrastructure built | 357 | 1,578 | 4,734 | 7,682 | 8,980 | 6,339 | 29,670 |
| | | Transport (roads, jetties, bridges) | 126 | 684 | 2,299 | 4,288 | 5,693 | 3,222 | 16,312 |
| | | Water and sanitation | 69 | 229 | 978 | 1,157 | 751 | 520 | 3,704 |
| | | Education | 118 | 448 | 966 | 1,065 | 1,065 | 742 | 4,404 |
| | | Electrification | 26 | 123 | 209 | 488 | 660 | 807 | 2,313 |
| | | Community facilities | 15 | 65 | 192 | 478 | 661 | 750 | 2,160 |
| | | Health | - | 8 | 33 | 31 | 31 | 17 | 120 |
| | | Other | 3 | 21 | 57 | 175 | 120 | 281 | 657 |
| | | Length of roads constructed (Km) | 83 | 612 | 1,646 | 2,953 | 3,805 | 2,365 | 11,464 |
| | 2.2 | Total sub-project costs: | | | | | | | |
| | | CDD project costs (MMK bn) | 1.5 | 9.55 | 32.32 | 66.92 | 82.766 | 71.735 | 264.791 |
| | | Community contribution (MMK bn) | 0.1 | 0.845 | 1.8 | 4.03 | 5.63 | 4.08 | 16.49 |
| | | (% project costs) | 6.25% | 8.13% | 5.28% | 5.68% | 6.37% | 5.38% | 5.86% |
| | 2.3 | Total block grants disbursed (MMK billion) | 1.57 | 10.23 | 35.7 | 67.37 | 86.63 | 84.17 | 285.67 |
| | 2.2 | % of sub-projects evaluated as high priority by communities | Not yet | Not yet | Not yet | Not yet | Not yet | Not yet | n.a |
| | 2.3 | % of sub-projects evaluated independently meeting project operations manual technical and safeguard specifications | 85% | | 93% | | 77% | | 85% |
| | 2.4 | # of Government officials using their new skills in project management, engineering, planning | 48 | 115 | 234 | 452 | 479 | 420 | 1,748 |
| | 2.5 | # of community members using their new skills in project planning, financial management, and procurement (6) | 4,731 | 19,160 | 84,748 | 113,588 | 166,596 | 139,518 | 528,341 |
| | 2.6 | # of internal cross-township learning exchanges | 2 | 4 | 4 | 0 | 2 | 3 | 14 |
| | 2.7 | Annual Union Multi-Stakeholder Review conducted | 1 | 1 | 1 | 1 | 1 | | 5 |
| | 2.8 | % grievances registered, related to delivery of project benefits, that are addressed | 99% | 98.50% | 99% | 99% | 98% | 98% | 98.70% |
| | | A Core | 98% | 98% | 99% | 99% | 96% | 98% | 98% |
| | | B Non-Core | 99% | 99% | 99% | 99% | 99% | 99% | 99% |
| | 2.9 | # grievances related to delivery of project benefits, that are addressed | 318 | 1,030 | 4,688 | 7,392 | 5,879 | 6,642 | 25,949 |
| | | A Core | 16 | 132 | 199 | 201 | 212 | 134 | 894 |
| | | B Non-Core | 302 | 898 | 4,489 | 7,191 | 5,667 | 6,508 | 25,055 |
| | 2.1 | % of annual significant financial audit findings addressed (misuse of funds, non-compliance with procedures) | 100% | 100% | 100% | 100% | 100% | | 100% |

## ၅။ ကုန်ပစ္စည်းဝယ်ယူမှု 30/9/2019

| Contract Package No. | Description of Package Contract | Units | PP9 Price Estimates | | Method | Review by Bank | Status Q2 | Status Q3 | Comments |
|---|---|---|---|---|---|---|---|---|---|
| | | | US $ | MMK | | | | | |
| G 41 | GRADIENT MEASUREMENT DEVICE (ABNEY LEVELLER) | 63 | 18,900 | 29,143,800 | Shopping | Post | On hold by INFRA since end 2018 | On hold by INFRA since end 2018 | |
| G-93.3 | BOAT for Ingapu | 3 | 30,000 | 46,260,000 | Shopping | Post | 2 other boats for Kani and Kyunhla delivered ITQ for Ingapu ready | Deleted. Boat for Ingapu not longer needed Line closed | |
| G 117 | SUPPLY of MEDICAL KITS for the PROJECT STAFF | 6001 | 187,870 | 289,695,540 | Shopping | Tech. Prior | 4 bids opened 20.05.2019 – all 4 bids rejected | Line deleted and replaced by G 147 | |
| G 123 | CCTV for Office 36 Nay Pyi Taw | 1 set | 50,000 | 77,100,000 | Shopping | Post | - | SPN published 17.06.2019 Bids Opened 14.08.2019 Bid evaluation report to PRC 18.09.2019 | Contract notified 03.10.2019 Contract signed 10.10.2019 |
| G 126 | PHOTO COPIERS for replacement and additional needs in existing townships | 70 | 105,000 | 181,910,000 | Shopping | Tech. Prior | Contract signed 26.06.2019 | Goods delivered Line closed | |
| G 127 | PROJECTOR with SCREEN for replacement at Union and Township Offices | 25 | 25,000 | 38,550,000 | Shopping | Post | Contract signed 03.06.2019 | Goods delivered Line closed | |
| G 128 | STILL CAMERA for the Regional Offices | 15 | 7,500 | 11,565,000 | Shopping | Post | BER to Procurement Committee 07.06.2019 | Goods delivered Line closed | |
| G 130 | REPAIR SERVICE for REHABILITATION of MOTORBIKES | 3305 motor bikes | 365,635.00 | 563,809,170 | Shopping | Tech. Prior | - | Published but no bids at the time of opening. TOR reworked after meeting with potential bidders | Republished 22.10.2019 Bid Opening 28.11.2019 |
| G 132 | LIFE JACKETS – replacement items | 300 | 13,500 | 20,817,000 | Shopping | Post | - | 2 Bids opened but not responsive. Line deleted and replaced by G 146 | |
| G 133 | PRINTED GRIEVANCE ENVELOPE | 110,000 | 33,000 | 50,886,000 | Shopping | Post | SPN published 17.06.2019 | Goods delivered Line closed | |
| G 134 | T-SHIRTS with project logo | 111,000 | 333,000 | 513,486,000 | Shopping | Post | SPN published 08.06.2019 | Contract awarded 30.08.2019 | |
| G 135 | CAPS with project logo | 57,000 | 171,000 | 263,682,000 | Shopping | Post | SPN published 08.06.2019 | Contract awarded 05.09.2019 | |
| G 136 | PROJECT INFORMATION BOARD with project logo | 105,000 | 210,000 | 323,820,000 | Shopping | Post | Contract signed 31/05/2019 | Goods delivered Line closed | |
| G 137 | BACK PACK for the 16 new townships 2018 and additional needs for existing townships | 2,000 | 40,000 | 61,680,000 | Shopping | Post | Contract signed 11/06/2019 | Goods delivered Line closed | |
| G 138 | VINYL POSTERS OPERATION and MAINTENANCE | 13,000 | 52,000 | 80,184,000 | Shopping | Post | - | Contract awarded 30.09.2019 | |

| Contract Package No. | Description of Package Contract | Units | PP9 Price Estimates | | Method | Review by Bank | Status Q2 | Status Q3 | Comments |
|---|---|---|---|---|---|---|---|---|---|
| | | | US $ | MMK | | | | | |
| G 139 | PRINTING OPERATION and MAINTENANCE HANDBOOK | 27,000 | 13,500 | 20,817,000 | Shopping | Post | - | Contract awarded 23.09.2019 | |
